မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၁၆ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၆၈)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတွင်ဒ် အာနီဖာ အာမန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dr. Ahmad Faisal Bin Muhamad လည်း တက်ရောက်သည်။

ဆွေးနွေး

ယင်းသို့ တွေ့ဆုံရာ၌ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဒါတွင်ဒ် အာနီဖာ အာမန် အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဒါတွင်ဒ် အာနီဖာ အာမန် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန် ဆောင် ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ပတ်စရာ သတင်းအညွှန်း

အဆင့်မြင့်နှင့် နည်းပညာများ လက်လှမ်းမီ သင်ယူနိုင်ရေး အတွက် ရေဝတီတိုင်းဒေသကြီး အတွင်း မအူပင်မြို့၌ တည်ဆောက် ဖွင့်လှစ်ပေးထားသော တက္ကသိုလ်များ စာ-၅

ဟိုက်ဒရိုဂျင် စွမ်းအင်သုံး

လေယာဉ် စမ်းသပ် ပျံသန်း စာ-၆

ချယ်လ်ဆီးနှင့် ဂျီးရဲမက်ဒရစ်တို့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တက်ရောက် စာ-၆

ကမ္ဘာ့ရေမိုင်အဝေးဆုံး ရေကူးနိုင်သည့်စက်ရုပ်

မောင်မောင်မြင့်ဆွေ – ရေးသားသည်

ကမ္ဘာပေါ်တွင် ခရီးမိုင်အဝေးဆုံး ရေကူးနိုင်သည့် စက်ရုပ်ကို အမေရိကန်နိုင်ငံ လီကွစ်ရိုဘော့တစ်ကုမ္ပဏီက တီထွင်ထုတ်လုပ်လိုက်ရာ ၎င်းရေကူးစက်ရုပ်များသည် ရေမိုင် ၃၂၀၀ ကို ကူးခပ်ကာ ပစိဖိတ်သမုဒ္ဒရာကို ကျော်ဖြတ်နိုင်ကြောင်း မတ် ၁၅ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

၎င်းရေကူးစက်ရုပ်များကို ထုတ်လုပ်ရခြင်းမှာ သမုဒ္ဒရာရေပြင်ပေါ်တွင် အက်စစ်ပါဝင်မှုအနေအထား၊ အခြားကူညီမှုနှင့် ကယ်ဆယ်ရေး လုပ်ငန်းများတွင် ဆောင်ရွက်ပေးနိုင်ရန်အတွက်ဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် မတ်လ ၁၆ ရက်)

ကျန်းမာခြင်းနှင့် ချမ်းသာခြင်း

လောက၌ ကျန်းမာခြင်းနှင့် ချမ်းသာခြင်းတည်းဟူသော အကြောင်းတရားနှစ်ပါးရှိ၏။ လူတိုင်းလူတိုင်းသည် ထိုအကြောင်းတရားနှစ်ပါးကို လိုလားကြ၏။ ကျန်းမာခြင်း၏ တန်ဖိုးသည် မကျန်းမာသည့်အခါမှ သိရသည်ဟု အများက ဆိုကြ၏။ ထိုစကားသည်လွန်စွာမှန်၏။ မည်မျှပင်ချမ်းသာ ကြွယ်ဝစေကာမူ ကျန်းမာခြင်းမရှိလျှင် အချည်းနှီးသာဖြစ်၏။

ချမ်းသာသော သူတစ်ယောက်သည် စားနိုင်သောက်နိုင်သော ငွေကြေးနေရှိ၏။ သို့သော် ကျန်းမာခြင်းမရှိပါမူ စားနိုင်မည်မဟုတ်ပါချေ။ အလွန်ကောင်းမွန်သည့် နတ်သုဓာပင်ဖြစ်လင့်ကစား ချမ်းသာသူတစ်ယောက်သည် မကျန်းမာလျှင် စားနိုင်လိမ့်မည်မဟုတ်ပေ။ ဆီဦးထောပတ်များသည်ပင် မကျန်းမာသူအတွက် အလဟဿ ဖြစ်ရတတ်၏။

မချမ်းသာသော်လည်း ကျန်းမာသူတစ်ယောက်သည် စားနိုင်သောက်နိုင်၏။ သွားနိုင်လာနိုင်၏။ စိတ်သွားတိုင်းကိုယ်ပါသဖြင့် စိတ်ချမ်းသာနိုင်၏။ မချမ်းသာသဖြင့် အစားကောင်း အသောက်ကောင်းများ မစားနိုင် မသောက်နိုင်သော်လည်း စားကောင်းသောက်ကောင်း၏။ မြိန်ရေရှက်ရေရှိ၏။ မချမ်းသာသူသည် ပန်းသီးတို့၊ စတော်ဘယ်ရီတို့ကို နေ့စဉ်ဝယ်စားနိုင်မှ စားနိုင်ပေလိမ့်မည်။ သို့သော် မာလကာသီးကို တခွပ်ခွပ်ကိုက်စားရလျှင်ပင် အလွန်အရသာရှိ၏။ ထို့ကြောင့် ကျန်းမာခြင်း၏တန်ဖိုးသာ ကြီးသည်ဟု ဆိုကြခြင်း ဖြစ်၏။

လောက၌ ထိုချမ်းသာခြင်းအကြောင်းတရားနှင့် ကျန်းမာခြင်းအကြောင်းတရားတို့သည် ကြိုးစားလျှင် ရနိုင်သည်ချည်းသာဖြစ်၏။ အလုပ်ကြိုးစားပြီး ချွေတာစုဆောင်းလျှင် ချမ်းသာနိုင်၏။ ကျန်းမာခြင်းဟူသည် လေ့လာလိုက်စားရသည့် သဘောဖြစ်၏။ ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်စားသောက်ခြင်းဖြင့် ကျန်းမာရေးကောင်းခြင်းကို ရနိုင်၏။

အဆိုးဆုံးမှာ ကျန်းမာရေးလည်း မလိုက်စား၊ ချမ်းသာအောင်လည်း မကြိုးစားသူသည် အဆိုးဆုံးဖြစ်သည်။ တစ်ခုခုတော့ ကြိုးစားသင့်၏။ ချမ်းသာခြင်းကို အလွယ်တကူကြိုးစား၍ မရနိုင်သော်လည်း ကျန်းမာခြင်းကိုမူ လေ့လာလိုက်စားလျှင် ရနိုင်၏။ နေ့စဉ်လမ်းလျှောက်ခြင်း၊ အစားအသောက်များကို ညီညွတ်မျှတစွာ စားသုံးခြင်းပင် ကျန်းမာခြင်းကျေးဇူးကို ရနိုင်၏။

သို့ဖြစ်၍ ချမ်းသာခြင်းနှင့် ကျန်းမာခြင်းသည် လူတို့အတွက် အလိုအပ်ဆုံးအရာများဖြစ်၍ ချမ်းသာအောင်လည်း ကြိုးစားသင့်သလို ကျန်းမာအောင်လည်းနေထိုင်သင့်သည်။ ချမ်းသာအောင် ကြိုးစားလွန်း၍ ကျန်းမာရေးထိခိုက်ခြင်းကား မဖြစ်သင့်။ နှစ်မျိုးစလုံးအနက် အရေးအကြီးဆုံးသည် ကျန်းမာရေးဖြစ်သည်။ ကျန်းမာရေးကောင်းပါမှ အရာရာစွမ်းဆောင်နိုင်ပေလိမ့်မည်။ ထို့ကြောင့် ကျန်းမာရေးကို အထူးဂရုပြုကြပါလေကုန်။ ။

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို မတ် ၁၂ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များ၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် ပတ်သက်သည့် အချက်အလက်များ၊ အမျိုးသမီးရေးရာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၅

မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဒသမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မတ် ၂၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICTDC (Myanmar Info-Tech)အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (၁၆၈)

— စာအုပ်စာပေ လူ့မိတ်ဆွေ —

ရွှေလင်းယုန် စာကြည့်တိုက်အဆောက်အအုံသစ် ပူတာအိုမြို့နယ်၌ဖွင့်

ပူတာအို မတ် ၁၅

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ဖတ်မာအုပ်စု ဖတ်မာဒီကျေးရွာတွင် ရွှေလင်းယုန် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသူမောင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ထွန်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးရဲလီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး စံ(၅)ရပ်အကြောင်းနှင့် ဒုတိယဦးစီးမှူး ဦးဖုန်ဇီဒီးက ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၁၆၆ စောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းမိသားစု၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အလှူရှင်များက စာအုပ်စာစောင် ၂၇၃ စောင်၊ ကျေးရွာပြည်သူများက စာကြည့်တိုက်ငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ မိုင်းဖြတ်မြို့နယ်၌ ပေးအပ်

မိုင်းဖြတ် မတ် ၁၅

မိုင်းဖြတ်မြို့နယ် ဝမ်ပုံတွင် မတ် ၃ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ ကျင်းပရာ ဝေးလံ၍ သွားလာရေးခက်ခဲသော ကျေးရွာအုပ်စုများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၈၇ ကတ်ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးခင်စိုးက ဒေသခံပြည်သူ ဦးကျစိုးဘိုထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမျိုးသား အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲများ ဆုချီးမြှင့်

ရန်ကုန် မတ် ၁၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ပထမအကြိမ် ကွန်ပျူတာနှင့် မြန်မာ့လက်ရွေးစင်များ စစ်တုရင်ပြိုင်ပွဲ၊ ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲနှင့် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲများ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၄ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ကွန်ပျူတာစစ်တုရင်ကော်မတီဥက္ကဋ္ဌ ဦးသာဇံက ကွန်ပျူတာနှင့် မြန်မာ့လက်ရွေးစင် စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ဝင်းထွန်း၊ နေကျော်ထွန်း၊ အောင်မျိုးလှိုင်နှင့် ဇော်ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ၂၀၁၂ခုနှစ်အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ မေဆုလွင်၊ ဒုတိယဆုရ မေဆက်လွင်နှင့် တတိယဆုရ ထက်ထက်သန်းစိန်(အထက-၂မင်္ဂလာဒုံ) တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဝင်းထွန်း(ပြည်ထဲရေးဝန်ကြီးဌာန)အား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌဦးဝင်းအောင်က ဒုတိယဆုရရှိသော နေဦးကျော်ထွန်း (ပြည်ထဲရေးဝန်ကြီးဌာန)အား လည်းကောင်း၊ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးခင်မောင်ဦးက တတိယဆုရရှိသောအောင်မျိုးလှိုင်(ပြည်ထဲရေးဝန်ကြီးဌာန)အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင်က အမျိုးသမီး တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသော မေဆုလွင်အား တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့် **(အပေါ်ဝဲပုံ)**က အမျိုးသား တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဝင်းထွန်း (ပြည်ထဲရေးဝန်ကြီးဌာန)အား တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီးဘေးအန္တရာယ်ကင်းဝေးရေးဆောင်ရွက်

ရန်ကုန် မတ် ၁၅

လုပ်ငန်းခွင်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို မတ် ၃ ရက်က ကြည့်မြင်တိုင်မြို့နယ် သရက်တော (မြောက်)ရပ်ကွက် ဗိုလ်စောပုလမ်းရှိ Elite Petrochemical Co., Ltd. ကုမ္ပဏီဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကုမ္ပဏီမန်နေဂျာ ဦးသန်းဌေး၊ လက်ထောက် မန်နေဂျာ ဦးသက်ဆွေနှင့်ဝန်ထမ်းများ တက်ရောက်ကြပြီး မြို့နယ်မီးသတ်စခန်းမှူး ဦးသန်းထက်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်နိုင်ရေး သရုပ်ပြ ရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၄၂)

မီးဘေးကြိုတင်ကာကွယ်ရေး မော်ကျွန်း၌ဆောင်ရွက်

မော်လမြိုင်ကျွန်း မတ် ၁၅

မော်လမြိုင်ကျွန်း မြို့မပြည်သူ့ဈေး မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်မြို့နယ် မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ မီးငြိမ်းသတ်ရေး သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီက မြို့မ ပြည်သူ့ဈေး အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း တို့၌ ကျင်းပသည်။

အဆိုပါ မီးငြိမ်းသတ်ရေးသရုပ်ပြ လေ့ကျင့်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်စိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းစိုး၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဦးစီးအရာရှိ ဦးမျိုးဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြလေ့ကျင့်ခန်းများဖြင့် မီးငြိမ်းသတ်ရေး သရုပ်ပြသခဲ့ကြကြောင်း သိရှိရသည်။ (၀၆၅)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော် ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝ တည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ် ကြပါရန်။ (မီးသတ်ဦးစီးဌာန)

အပေါ့စား မီးသတ်စက် ပေးအပ်လှူဒါန်း

ရွှေကျင် မတ် ၁၅

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာအုပ်စုတွင် အပေါ့စား မီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို မတ် ၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အပေါ့စားမီးသတ်စက် ပေးအပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးထံ ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ မီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၀၁)

ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ အထက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီ ဥက္ကဋ္ဌ Miss .Pikulkeaw Krairiksh ဦး ဆောင် သော ကိုယ်စားလှယ် အဖွဲ့ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၅

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ Miss. Pikulkeaw Krairiksh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင်(၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ကော်မတီများမှ ကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုထက်ပိုမို၍ ဆက်ဆံရေးတိုးမြင့်လာစေရန်အတွက် ကဏ္ဍပေါင်းစုံကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာနေစိုးမောင်အား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၃-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၂၀	အတီးပြိုင်ပွဲ
၈း၃၀	(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၀	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၄၀	နှောင်းခေတ်တေးပဒေသာ
၄း၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (မြန်မာစာ အထူးပြု) (မြန်မာစာ)
၅း၀၀	မြန်မာစာ၊ မြန်မာစကား
၅း၃၀	**လူနာတို့၏အခက်အခဲများကို ကူညီဖြေရှင်းပေးနေသော ပြည်သူ့ဆေးရုံများရှိဆေးလူမှုဆက်ဆံရေးလုပ်ငန်း**
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၇း၀၀	(၄၉)ကြိမ်မြောက်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ (မြန်မာ့ပုလဲပြခန်း)(အပိုင်း-၂)
၇း၁၀	**ဒီမိုမွေးနေ့** (ဒါရိုက်တာ-အကယ်ဒမီ ဇော်မြင့်ဦး)
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် နိုင်ငံတကာသတင်းများ လျှပ်တစ်ပြက်ဟာသ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာအသချေ** (အပိုင်း-၁၅)

ပြည်သူများ စျေးနှုန်းသက်သာစွာအသုံးပြုနိုင်ရန် မိုဘိုင်းတယ်လီဖုန်းများ စတင်ဆောင်ရွက်ပေးသည့်အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၅

ကျေးလက်နှင့်မြို့ပြ ကွာခြားမှုမရှိစေဘဲ ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများကို စျေးနှုန်းသက်သာစွာ အသုံးပြုနိုင်စေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတွင် အဓိက အထောက်အကူဖြစ်စေရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ သာမက သဘာဝဘေးအန္တရာယ် ကြုံတင်ကာကွယ်ရေးလုပ်ငန်းများတွင်လည်း လွယ်ကူချောမွေ့စွာ ဆက်သွယ်ပြောဆို အသုံးပြုနိုင်ရန် GSM/ UMTS မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေး စီမံကိန်းကို အထူးဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးတွင် တင်ပြခွင့်ပြုချက်ရယူပြီး စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

အမှာစကားပြောကြား

ယင်းစီမံကိန်းကို ပြည်တွင်းကုမ္ပဏီ ၂၃ ခု၏ ပူးပေါင်းပါဝင်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အားပေးကူညီမှုတို့ဖြင့် တိုးချဲ့တပ်ဆင်နိုင်ရန် စီမံဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် မတ် ၁၄ရက်တွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် မိုဘိုင်းတယ်လီဖုန်းများ ပြည်သူများ စျေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန် စတင်ဆောင်ရွက်ပေးသည့်အထိမ်းအမှတ် အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မတ် ၁၄ ရက်မှစ၍ ည ၁၁ နာရီမှ နံနက် ၇ နာရီအတွင်း မိုဘိုင်းတယ်လီဖုန်း ခေါ်ဆိုခနှုန်းထားများကို မူလခေါ်ဆိုခနှုန်းထား၏ ထက်ဝက်ဖြစ်သော တစ်မိနစ် ငွေ ၂၅ ကျပ်နှုန်းအထိ လျှော့ချကောက်ခံရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ မိုဘိုင်းတယ်လီဖုန်း တပ်ဆင်ခနှုန်းထားများကိုလည်း ငွေကျပ် ငါးသိန်းနှုန်းဖြင့် တပ်ဆင်ပေးလျက်ရှိရာမှ ပြည်နယ်များတွင် ယနေ့မှစ၍ စီမံကိန်း ပထမအဆင့် အနေဖြင့် GSM မိုဘိုင်းတယ်လီဖုန်း တစ်လုံးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ WCDMA (UMTS) မိုဘိုင်းတယ်လီဖုန်းတစ်လုံးလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့်လည်းကောင်း လျှော့ချတပ်ဆင်ပေးရန် စတင်စီစဉ်ဆောင်ရွက်သည့်နေ့လည်းဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မိုဘိုင်းတယ်လီဖုန်းများ ပြည်သူများ စျေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန် စတင်ဆောင်ရွက်ပေးသည့် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

***ရှေ့ဖုံးမှ**

အဆိုပါ စက်ရုပ်များသည် ယခင်က ရေမိုင် ၂၅၀၀ အများဆုံး ရေကူးထားသည့်စက်ရုပ်၏စံချိန်ကို ကျော်ဖြတ်ကာ ရေမိုင် ၃၂၀၀ ကို မနားတမ်းရေကူးနိုင်သည့် စက်ရုပ်များဖြစ်သည်။ ထို့အပြင် သမုဒ္ဒရာနှင့် ပင်လယ်ပြင်တွင် ငါးများ ရှင်သန်ကျက်စားမှု လျော့နည်းလာခြင်းနှင့် ရေထဲတွင် အက်စစ်ပျော်ဝင်နေမှု အနေအထားတို့ကိုလည်း လေ့လာသိရှိနိုင်မည် ဖြစ်သည်။

ရယူအသုံးပြု

၎င်းရေကူးစက်ရုပ်များသည် ထိုသို့ ရေကူးခပ်ရာတွင် ပင်လယ်နှင့် သမုဒ္ဒရာရေလှိုင်းများ၏စွမ်းအင်ကို ရယူသည့်အပြင် စက်ရုပ်၏ ကိုယ်ထည်အပေါ်ပိုင်းတွင် ဆိုလာပြားများတပ်ဆင်ထားပြီး နေစွမ်းအင်ကိုလည်း ရယူအသုံးပြုမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ၏ e-visa စနစ် ပြောင်းလဲကျင့်သုံးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၅

နိုင်ငံခြားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီ၏ e-visa စနစ် ပြောင်းလဲကျင့်သုံးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နီလာ အစည်းအဝေးခန်းမ၌ကျင်းပရာ **(ဝဲပုံ)** ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားပြီး Myanmar East Net Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်မိုးနိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို တင်ပြကာ ကော်မတီအဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနိုင်သည်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၃) ရပ်ကွက်၌ မိုးပွင့်အဆင့်(၂) စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မတ် ၁၀ ရက်က ရပ်ကွက်အရိယာဝံသမ္မောရုံ၌ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးမြင့်က နိုင်ငံသားအရည်အချင်းပြည့်မီသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဝင်းထံ ပေးအပ်စဉ်။ (မြို့နယ် လဝက)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံလေရာသီ မကျရောက်မီကာလအတွင်း နေ့အပူချိန်များမြင့်တက်လာရာမှ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီ မကျရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၅

မြန်မာအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ ဦးကောင်းမြင့်ထွန်းက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

မြန်မာ့နိုင်ငံရေးအခင်းအကျင်း ပွင့်လင်းတိုးတက်လာတဲ့အချိန်အခါမှာ မြန်မာပြည်သူလူထုအပေါင်းကို အခုလို ထိတွေ့ဟောပြောခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်လို့ ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်တို့ဟာ မြန်မာအမျိုးသားကွန်ဂရက်ပါတီဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ မြန်မာ့နိုင်ငံရေးအကျပ်အတည်းကာလများမှာ ပြည်သူလူထုနဲ့ ဝမ်းနည်းလျှင်လည်းအတူ၊ ဝမ်းသာလျှင်လည်းအတူ နိုင်ငံရေးကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသူများဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ရွေးကောက်ပွဲနည်းလမ်းအားဖြင့်သာ နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီများက တိုင်းပြည်ကို ကောင်းမွန်စွာ ဦးဆောင်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့က ယုံကြည်ပါတယ်။

ပြည်သူ့ဆန္ဒကိုခံယူတဲ့ ရွေးကောက်ပွဲလမ်းစဉ်မဟုတ်ဘဲ အခြားသောနည်းလမ်းအားဖြင့် တိုင်းပြည်အာဏာကို ရယူဆောင်ရွက်ခြင်းများဟာ မဆီလျော်တဲ့အတွက် ကျွန်တော်တို့ မြန်မာအမျိုးသားကွန်ဂရက်က ဆန့်ကျင်ပါတယ်။

အခုလို ရွေးကောက်ပွဲနည်းလမ်းအားဖြင့် တိုင်းပြည်က လိုလားချစ်ခင်တဲ့ နိုင်ငံရေးသမားများ ပေါ်ထွက်လာနိုင်ဖို့ဟာ အလွယ်တကူရရှိခဲ့တာမဟုတ်ပါဘူး။

ပြည်သူအများသိရှိပြီးဖြစ်ကြတဲ့အတိုင်း ရွေးကောက်ပွဲနည်းလမ်းဟာ ကြိမ်ဖန်များစွာ အတိုက်အခိုက်ခံခဲ့ရပါတယ်။ ပုတ်ခတ်ဝေဖန်ခံခဲ့ရပါတယ်။

အပြောင်းအလဲတစ်ရပ်ကို မျှော်လင့်တောင့်တခဲ့ကြတဲ့ ပြည်သူလူထုဟာ ဘယ်သူ့စကားနားထောင်ရမှန်းမသိအောင် တွေဝေမှားယွင်းခဲ့ကြရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်အသီးသီးမှာ တပ်မတော်ရဲ့ ပါဝင်ပတ်သက်ခွင့်တစ်စုံတစ်ရာ ရရှိမှုအပေါ်မှာလည်း ဝေဖန်ပုတ်ခတ်မှုများစွာရှိခဲ့ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပါတီတည်ထောင်ခွင့်မရခင်ကာလများစွာကတည်းက မိမိတို့ချစ်မြတ်နိုးတဲ့ မြန်မာနိုင်ငံတော်ရဲ့ တည်ငြိမ်တဲ့ နိုင်ငံရေးအခင်းအကျင်း ပေါ်ပေါက်စေဖို့ လှုံ့လဉဿာဟ ပြုခဲ့ကြသူများဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘာကြောင့် လေးစားစွာ လိုက်နာစေချင်ပါသလဲ။

ရွေးကောက်ပွဲနည်းလမ်းကို ဘာကြောင့် အောင်မြင်စေချင်ရသလဲဆိုတာကို အနည်းငယ်ရှင်းလင်းတင်ပြချင်ပါတယ်။

အခုလက်ရှိ နိုင်ငံရေးအခင်းအကျင်းအပေါ် ကျွန်တော်တို့ မြန်မာအမျိုးသားကွန်ဂရက်က ရှုမြင်သုံးသပ်တာကတော့-

(၁) အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုခြင်းသည်သာလျှင် မြန်မာနိုင်ငံသားများအတွက် သင့်လျော်တယ်။

(၂) မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြသူအားလုံးဟာ မြန်မာနိုင်ငံသားများ ဖြစ်ကြတယ်။ ဒါ့ကြောင့် မည်သည့်အဖွဲ့အစည်းက ဖြစ်စေ၊ မည်သည့်နိုင်ငံရေးအရိပ်အောက်ကဖြစ်စေ၊ မည်သည့်ကိုးကွယ်ယုံကြည်မှုပဲရှိစေ မြန်မာနိုင်ငံသားအချင်းချင်း ငြင်းခုံရန်ဖြစ်နေကြခြင်းဖြင့် ဘာအကျိုးကျေးဇူးမှမရှိ။

(၃) မြန်မာ့တပ်မတော်ဟာ တိုင်းပြည်ရဲ့အင်အားကြီးမားတဲ့ အမျိုးသားရေးအစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်။ တပ်မတော်ဟာ တိုင်းပြည်ကို စောင့်ရှောက်ဖို့ရည်သန်တဲ့ အရင်းခံစိတ်ဓာတ် အသေအချာရှိတယ်။ ဒါ့ကြောင့် ဒီမိုကရေစီ ခြေလှမ်းကို အခုမှစတင်ဖို့ ကြိုးစားနေတဲ့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍကို လေးစားစွာ နေရာပေးဖို့ လိုနေပါသေးတယ်။

(၄) မြန်မာနိုင်ငံသားများဟာ ဒီမိုကရေစီနည်းလမ်းကျကျ ရွေးကောက်ပွဲကို အတွေ့အကြုံ နည်းလွန်းနေပါသေးတယ်။ ဒါ့ကြောင့် အပင်ကိုစိုက်ဖို့ အားမထုတ်ဘဲ အသီးသီးချိန်ကျမှ သူရဲကောင်းလုပ်ပြီး ဆွတ်ယူပြချင်တဲ့ ညံ့ဖျင်းသော နိုင်ငံရေးသမားအချို့ကို လာမယ့် ရွေးကောက်ပွဲမှာ ပြည်သူလူထုက သတိရှိရှိ တွန်းလှန်နိုင်ဖို့လိုအပ်ပါတယ်။ ကျွန်တော်အလေးအနက်ထားပြီး ထပ်မံတင်ပြလိုပါတယ်။ အပင်ကိုစိုက်ဖို့အားမထုတ်ဘဲ အသီးသီးချိန်ကျမှ သူရဲကောင်းလုပ်ပြီး ဆွတ်ယူပြချင်သူများကို သတိရှိရှိ တွန်းလှန်ကြပါ။

နံပါတ် (၅)နဲ့ နောက်ဆုံးအချက်ကတော့-

မြန်မာ့ဒီမိုကရေစီအရေးဟာ မြန်မာနိုင်ငံသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ အာဃာတတွေနဲ့ မြန်မာ့နိုင်ငံရေးရဲ့ အနာဂတ်ကို မညစ်နွမ်းစေသင့်ပါဘူး။

တိုင်းပြည်ရဲ့အနာဂတ်ကို ဘယ်ပုံစံနဲ့ပဲသွားသွား၊ အရေးအကြီးဆုံးက မြန်မာနိုင်ငံသားတိုင်းဟာ မိမိတို့မှီတင်းနေထိုင်နေတဲ့ မြန်မာ့မြေကို တန်ဖိုးထားဖို့ လိုအပ်နေပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့အလယ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ တင့်တင့်တယ်တယ် ဝင့်ထည်စေနိုင်ဖို့ တိုင်းပြည်အတွက် အမှန်တကယ် အကျိုးကျေးဇူးပြုစေနိုင်တဲ့ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူများကို ပြည်သူတွေက မွေးထုတ်ဖို့လိုအပ်ပါတယ်။

ဒီလိုဆောင်ရွက်နိုင်ဖို့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို စီရင်မယ့် နိုင်ငံရေးသမားများဟာ ပြည်သူအတွက်ဆိုရင် အမှန်ကိုပြောရတဲ့အခါ၊ အမှန်ကိုလုပ်ရတဲ့အခါတွေမှာ မိမိတို့ ကိုယ်ကျိုးစီးပွားကို စွန့်လွှတ်အနစ်နာခံရဲတဲ့သူတွေကို ပြည်သူက သတိကြီးစွာ ရွေးချယ်တတ်ဖို့ လိုအပ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ဒီလိုရွေးချယ်နိုင်ဖို့ ကျွန်တော်တို့ မြန်မာအမျိုးသားကွန်ဂရက်က ရွေးကောက်ပွဲနည်းလမ်းသည်သာလျှင် မြန်မာ့နိုင်ငံရေးအခင်းအကျင်းရဲ့ တစ်ခုတည်းသော အဖြေပဲလို့ တစိုက်မတ်မတ် တိုက်တွန်းပြောကြားနေတာဖြစ်ပါတယ်။

မြန်မာအမျိုးသားကွန်ဂရက်အနေနဲ့ အခုလို နိုင်ငံပိုင် ရေဒီယိုနဲ့ရုပ်မြင်သံကြားအစီအစဉ်တွေကနေ ပြည်သူကို ဟောပြောတင်ပြခွင့်ရရှိတဲ့အတွက် အခုလို ထိတွေ့ခွင့်ရရှိတဲ့အတွက် မျက်ရည်ကျမတတ် ဝမ်းနည်းဝမ်းသာ ဖြစ်ရပါတယ်။

အခုလိုရရှိတဲ့အခွင့်အရေးကို ကျွန်တော်တို့ပါတီက ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုတစ်ရပ်အနေနဲ့ အသုံးမချရက်ပါဘူး။

နိုင်ငံသူ နိုင်ငံသားတိုင်းဟာ အမျိုးသားရေးသတိနဲ့ တိုင်းပြည်ကို တည်ဆောက်နိုင်စွမ်းရှိမှ နိုင်ငံတိုးတက်မှာဖြစ်ပါတယ်။

အခုလာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူဟာ မိမိနှစ်သက်ရာအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကို ရွေးချယ်နိုင်ကြပါတယ်။

ဒီလိုရွေးချယ်ခွင့်ကိုရရှိဖို့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ပေးဆပ်ခဲ့ရမှုတွေအတွက် အသိအမှတ်ပြုရင် ကျေနပ်ပါတယ်။

ဒါဟာ ပြည်သူအများ လိုချင်တောင့်တနေခဲ့တဲ့ ဒီမိုကရေစီပါပဲ။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

မြန်မာအမျိုးသားကွန်ဂရက်ဟာ လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်နဲ့ မရမ်းကုန်းမြို့နယ်တို့မှာ ဝင်ရောက်အရွေးချယ်ခံဖို့ ကြိုးစားအားထုတ်ထားပါတယ်။ မြန်မာအမျိုးသားကွန်ဂရက်ကို မကြိုက်မနှစ်သက်ဘူးဆိုရင် ပြည်သူအများက မဲမပေးကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ မြန်မာအမျိုးသားကွန်ဂရက်ဟာ ကြီးကျယ်ခံ့ညားတဲ့ နိုင်ငံရေးပါတီကြီးတစ်ရပ် မဟုတ်ပါဘူး။ ပါတီရဲ့ မူဝါဒနဲ့ ဖော်ပြချက်များဟာလည်း အခြား အခြားသော နိုင်ငံရေးပါတီများလိုပဲ ထူးမခြားနား ရေးသားဖော်ပြထားတာပဲဖြစ်ပါတယ်။

မြန်မာအမျိုးသားကွန်ဂရက်ဟာ ဘဏ္ဍာငွေတောင့်တင်းတဲ့ ပါတီကြီးတစ်ရပ်လည်းမဟုတ်ပါဘူး။ မြန်မာအမျိုးသားကွန်ဂရက်ဟာ ပြည်သူတွေအကြားမှာ ထင်ရှားကျော်ကြားမှုလည်း မရှိပါဘူး။ ဒါ့ကြောင့် စောစောက အချက်တွေကိုပဲ နှစ်သက်လိုလားကြတယ်ဆိုရင် မြန်မာအမျိုးသားကွန်ဂရက်ကို မဲမပေးသင့်ကြပါဘူး။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

မြန်မာအမျိုးသားကွန်ဂရက်ဟာ မြန်မာပြည်သူအများစုလိုပဲ ဘယ်သူပဲ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဖြစ် တိုင်းပြည်တည်ငြိမ်အေးချမ်းတာကို လိုလားသူများဖြစ်ပါတယ်။ ဘယ်သူပဲ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဖြစ် ပြည်သူတွေရဲ့ စား၊ ဝတ်၊ နေမှု အဆင်ပြေလုံခြုံမှုကို လိုလားသူများဖြစ်ပါတယ်။ ဒါ့အပြင် ဘယ်သူပဲ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဖြစ် နိုင်ငံရေးကို စိုက်လိုက်မတ်တတ် ဆက်လက်ဆောင်ရွက်သွားမယ့်သူများဖြစ်ပါတယ်။ မြန်မာအမျိုးသားကွန်ဂရက်ပါတီဝင်များဟာ ရိုးသားခြင်း၊ သတ္တိရှိခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ တာဝန်ယူဆောင်ရွက်ခြင်း အစရှိတဲ့ နိုင်ငံရေးခေါင်းဆောင်ကောင်းတို့ရဲ့ အရည်အသွေးများကိုသာ လေးစားသူများဖြစ်ပါတယ်။ ပြည်သူအများကလည်း ဒီအတိုင်းရှိကြမယ်လို့ ယုံကြည်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

မြန်မာအမျိုးသားကွန်ဂရက်ပါတီဟာ အပင်စိုက်သူသာ ဖြစ်ပါတယ်။ အသီးအပွင့်ကို နှစ်သက်သလို ဆွတ်ယူအသုံးချတာကို ကျေနပ်ပီတိ ဖြစ်နေသူများသာ ဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်နဲ့ မရမ်းကုန်းမြို့နယ် အပါအဝင်မြန်မာပြည်တစ်နံတစ်လျားမှာရှိကြတဲ့ မိဘပြည်သူအပေါင်းကို နောက်ဆုံးအချက် အရေးအကြီးဆုံး အချက်တစ်ချက်ကို တင်ပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာအမျိုးသားကွန်ဂရက်ပါတီကပြောတာကိုလည်း မျက်စိစုံမှိတ်ပြီး မယုံကြပါနဲ့။ အင်မတန်နုနယ်သေးတဲ့ သန္ဓေသားကို စောင့်ရှောက်သလို မြန်မာ့ဒီမိုကရေစီအရေးကို စောင့်ရှောက်ကြပါ။ အစစအရာရာကို မိမိတို့ကိုယ်တိုင် ချင့်ချိန်စဉ်းစားပြီးမှ မိမိတို့ရဲ့ နှစ်ရှည်လကြာအတွေ့အကြုံအရပ်ရပ်နဲ့ မိမိတို့ကိုယ်တိုင် နှိုင်းယှဉ်သုံးသပ်ပြီးမှ မိမိတို့ရဲ့ ဘဝအခြေအနေမှန်များကို မိမိတို့ကိုယ်တိုင် လေ့လာဆင်ခြင်ပြီးမှ လာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူ့ဘက်က ရှိနေတဲ့ ပြည်သူ့တာဝန်ကို ထမ်းဆောင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ကျွန်တော်တို့ မြန်မာအမျိုးသားကွန်ဂရက်ကလည်း လက်ရှိနိုင်ငံရေးအခင်းအကျင်းရဲ့ လိုအပ်ချက် အနှစ်သာရများဖြစ်တဲ့ ပြည်တွင်းစစ်လုံးဝချုပ်ငြိမ်းရေး၊ အမျိုးသားရေး၊ အကျိုးစီးပွားများဟာ တိုင်းတစ်ပါးနိုင်ငံများရဲ့ အမိုအခိုကင်းကင်း အောင်မြင်ဖြစ်ထွန်းရေးနဲ့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူများရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေးအခြေခံအဆောက်အအုံများ ဝင့်ထည်တောက်ပနိုင်စေရေးအတွက် ပြည်သူအကြားမှာ ရေနဲ့ငါးပမာ တစ်သားတည်းနေထိုင်ပြီး ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ဘယ်သူပဲမဲနိုင်သည် ဖြစ်စေ၊ မြန်မာ့ဒီမိုကရေစီအရေးအောင်ပွဲဆိုတာ မြန်မာ့အမျိုးသားရေးအင်အားစု အလုံးစုံ ပါဝင်ပြုံးပျော်နိုင်ပါမှ ဒီမိုကရေစီအရေး အောင်ပွဲအစစ်အမှန် ဖြစ်နိုင်ပါတယ်လို့ နိဂုံးချုပ် ပြောကြားအပ်ပါတယ်ခင်ဗျား။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်နဲ့ မရမ်းကုန်းမြို့နယ် အပါအဝင် မြန်မာပြည်သူလူထုအပေါင်း ကံကြမ္မာကောင်းများနဲ့သာ အစဉ်ကြုံတွေ့နိုင်ပါစေ။ မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် စိတ်နှလုံးရွှင်လန်းချမ်းမြေ့နိုင်ကြပါစေ။

ကွင်းဆင်းထုတ်ပေး

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ မိုးပွင့်အဆင့်(၂) စီမံချက်အရ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက်၌ ဆောင်ရွက်ခဲ့ပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မတ် ၁၀ ရက်က မြို့နယ်ဦးစီးဌာနမှူး ဦးဌေးဝင်းနှင့် ဝန်ထမ်းများက ရပ်ကွက်ပြည်သူများအား ကွင်းဆင်းထုတ်ပေးစဉ်။ (၀၄၂)

မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၅

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၈၃ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မော်လမြိုင်ကျွန်းမြို့ အ‌ေ ၉ လမ်း မူလတန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲကို မတ် ၃ ရက်က ကျောင်းရှေ့မဏ္ဍပ်၌ ကျင်းပရာ ပထမတန်း ဘာသာစုံထူးချွန်ပထမဆုရ မောင်မင်းစည်သူအား ကျောင်းအုပ်ကြီး ဦးမောင်ဌေး ဆုပေးအပ်ချီးမြှင့်စဉ်။ (၀၆၅)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

16-3 (04).pmd 1 3/16/2012, 2:07 AM

ရေဝတီတိုင်းဒေသကြီးအတွင်း ကွန်ပျူတာနည်းပညာများ သင်ကြားနိုင်ရန်အတွက် မအူပင်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ကွန်ပျူတာတက္ကသိုလ်(မအူပင်)ကို တွေ့ရစဉ်။

အဆင့်မြင့်နှင့် နည်းပညာများ လက်လှမ်းတမီသင်ယူနိုင်ရေးအတွက် ရေဝတီတိုင်းဒေသကြီးအတွင်း မအူပင်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော တက္ကသိုလ်များ

- နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်းလုံးတွင် ဒေသအလိုက် အဆင့်မြင့်ပညာများ လက်လှမ်းတမီ သင်ယူနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု သတ်မှတ်ပေးပြီး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်ဖော်ဆောင်ခဲ့ရာ ရေဝတီတိုင်းဒေသကြီးမှ ပုသိမ်မြို့နှင့် မအူပင်မြို့တို့လည်း ပါဝင်သည်။
- အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနည်းတူ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်မြို့၌ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တစ်ခုစီ တည်ဆောက်ဖွင့်လှစ်ပေးထားသဖြင့် ဒေသခံလူငယ်များ အိုးမကွာ အိမ်မကွာ အဆင့်မြင့်ပညာကို လွယ်လင့်တကူ သင်ယူလျက်ရှိသည်။

သတင်းမှတ်စု-မောင်ငြိမ်းအေး

ရေဝတီတိုင်းဒေသကြီးအတွင်း အဆင့်မြင့်နည်းပညာများသင်ကြားနိုင်ရန်အတွက် မအူပင်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ်ပင်မဆောင်(မအူပင်) (ဝဲပုံ/အပေါ်ဝဲပုံ) နှင့် အဆင့်မြင့်တက္ကသိုလ်အင်္ဂါရပ်များနှင့် တည်ဆောက် ဖွင့်လှစ်ပေးထားသော မအူပင်တက္ကသိုလ် အဝင်မုခ်ဦး(အပေါ်ပုံ)ကို တွေ့ရစဉ်။

16-3 (05).pmd 1 3/16/2012, 2:07 AM

ဟိုက်ဒရိုဂျင်စွမ်းအင်သုံးလေယာဉ် စမ်းသပ်ပျံသန်း

နော့အီဝပ်ဒ် မတ် ၁၅

ဘိုရင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက ဟိုက်ဒရိုဂျင်စွမ်းအင်သုံး လေယာဉ်တစ်စင်းကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် နော့အီဝပ်ဒ်မြို့ ဝေဟင်၌ မတ် ၁၄ ရက်က အောင်မြင်စွာစမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်း ဘိုရင်းကုမ္ပဏီမှ တာဝန်ရှိသူများက မတ် ၁၅ ရက်တွင် ပြောကြားသည်။

၎င်းလေယာဉ် **(ဝဲပုံ)** ကို အမြင့်ပေ ၆၅၀၀၀ အထိ စမ်းသပ်ပျံသန်းခဲ့ပြီး ဝေဟင်အမြင့်ပေ ၄၀၀၀ ၌ တစ်နာရီလျှင် ၃၄ ဒသမ ၅ မိုင်နှုန်း ပျံသန်းနိုင်ကြောင်း ဘိုရင်းကုမ္ပဏီမှ တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

အဆိုပါလေယာဉ်သည် ဟိုက်ဒရိုဂျင်အရည်ကို စွမ်းအင်အဖြစ် ပြောင်းလဲကာ ပျံသန်းစေခြင်းဖြစ်သည်။ ယင်းလေယာဉ်ကို ဟိုက်ဒရိုဂျင်စွမ်းအင်ဖြင့် တစ်နာရီ ၄၆ မိုင်အထိ ပျံသန်းနိုင်ရန် ဆက်လက်စမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ၎င်းလေယာဉ်တွင် ဟိုက်ဒရိုဂျင်အရည်ကို ပေါင် ၁၉၀၀ အထိသယ်ဆောင်သွားနိုင်သည့် လောင်စာသိုလှောင်ကန်နှစ်လုံး ပါရှိသည့်အပြင် အင်ဂျင်စွမ်းရည်မှာ မြင်းကောင်ရေ ၁၅၀ အားရှိကြောင်း၊ ဆက်သွယ်ရေး၊ ထောက်ပံ့ရေးနှင့် သတင်းထောက်လှမ်းရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

ဆွစ်ဇာလန်နိုင်ငံ၌ ဘတ်စ်ကားတိမ်းမှောက်၊ ကလေးငယ် ၂၂ ဦး အပါအဝင် ၂၈ ဦးသေဆုံး

ဘန်း မတ် ၁၅

ဆွစ်ဇာလန်နိုင်ငံအတွင်း မတ် ၁၃ ရက်ညက ဘတ်စ်ကားတိမ်းမှောက်မှုတွင် ကလေးငယ် ၂၂ ဦး အပါအဝင် အနည်းဆုံး ၂၈ ဦး သေဆုံးသွားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

ဆွစ်ဇာလန်နိုင်ငံနယ်စပ်ရှိ ဗာလိုင်းယက်မြို့မှ ဥမင်လိုဏ်ခေါင်းအတွင်း ဘယ်လ်ဂျီယံနိုင်ငံမှ ကလေးငယ်များအား တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး လိုဏ်ခေါင်းအတွင်းနံရံကိုတိုက်မိပြီး တိမ်းမှောက်ရာ၌ ၂၈ ဦး သေဆုံးပြီး ကလေးငယ် ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ယာဉ်မောင်းနှစ်ဦးစလုံး သေဆုံးခဲ့သည်။

ဘတ်စ်ကားပေါ်တွင် လူပေါင်း ၅၂ ဦး စီးနင်းလိုက်ပါလာကြသည်။ ကလေးငယ်များမှာ ဘယ်လ်ဂျီယံနိုင်ငံ လုပ်မဲနှင့် ဟီဗာလီကျေးရွာများမှဖြစ်ပြီး အားလပ်ရက်အိမ်အပြန်တွင် ထိုသို့တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသူများကို လောသိန်း၊ ဘန်းနှင့် အခြားသော ဆွစ်ဇာလန်မြို့များရှိ ဆေးရုံများသို့ တင်ပို့လိုက်ရသည်။ **(အင်တာနက်)**

ဆူနာမီကာကွယ်ရေး ရေလှိုင်းရေဒါ တပ်ဆင်မည်

တိုကျို မတ် ၁၅

ဆူနာမီဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေလှိုင်းများကို စောင့်ကြည့်ဖမ်းယူစစ်ဆေးမည့် ရေဒါတပ်ဆင်မှုများကို ဂျပန်ကမ်းရိုးတန်းဒေသများတွင် မကြာမီတပ်ဆင်သွားရန် စီစဉ်လျက်ရှိကြောင်း ဂျပန်အရာရှိများက မတ် ၁၅ ရက်၌ ပြောကြားသည်။ အဆိုပါ ရေလှိုင်းရေဒါစနစ်တပ်ဆင်အသုံးပြုရန် လွန်ခဲ့သည့် နှစ်နှစ်ခန့်ကတည်းက သုတေသနပြု လေ့လာနေခဲ့ခြင်း ဖြစ်သည်။ ယင်းစနစ်ကို ဂျပန်နိုင်ငံ ကင်ဆိုင်တက္ကသိုလ် သုတေသနပညာရှင်များက ပြုလုပ်ခြင်းဖြစ်ပြီး ဝါကာယာမာ စီရင်စုကမ်းခြေတွင် စတင်တပ်ဆင်မည်ဖြစ်သည်။ ၎င်းရေလှိုင်းရေဒါစနစ်သည် အင်အားပြင်းလျော့ပြီး ဆူနာမီရေလှိုင်းများ မဖြစ်ပေါ်မီ ငါးမိနစ်ခန့် ကြိုတင်သိရှိနိုင်မည်ဖြစ်ကာ ဘေးကင်းရာသို့ ရှောင်တိမ်းနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၁၅-၃-၂၀၁၂)

တင်မောင်လွင် – စုစည်းသည်

စင်ကာပူဟိုတယ်အခန်းခများ အာရှတွင် အမြင့်ဆုံးဖြစ်ခဲ့

စင်ကာပူနိုင်ငံတွင် ဟိုတယ်အခန်းခဈေးနှုန်းများမှာ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က အာရှ၌ အမြင့်ဆုံးဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် ၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း စင်ကာပူခရီးသွားလုပ်ငန်းက မတ် ၁၄ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးဟိုတယ်ဈေးနှုန်းအညွှန်းအရ သိရသည်။

စင်ကာပူနိုင်ငံတွင် ဟိုတယ်အခန်းများ၏ ပျမ်းမျှဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁၉၀ ရှိခဲ့သော်လည်း ဂျပန်၊ ထိုင်းနှင့် တရုတ်နိုင်ငံကဲ့သို့သော မြို့များအတွင်းရှိ ဈေးကွက်များ၌ ဟိုတယ်အခန်းခများ ကျဆင်းခဲ့သည်ဟု ဆိုသည်။ ဆွစ်ဇာလန်၊ အီတလီ၊ ဒိန်းမတ်နှင့် ပြင်သစ်နိုင်ငံကဲ့သို့ ဈေးနှုန်းမြင့်မားလျက်ရှိသည့် ဈေးကွက်များအကြား စင်ကာပူနိုင်ငံသည် ဆဋ္ဌမမြောက်နေရာတွင် ရောက်ရှိခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင်ပါရှိသည်။ စင်ကာပူနိုင်ငံရှိ ကြယ်ငါးပွင့်အဆင့်ဟိုတယ်များ၏ အခန်းခမှာ အမေရိကန်ဒေါ်လာ ၃၉၂ ဒေါ်လာရှိပြီး ကမ္ဘာပေါ်တွင် ဒုတိယမြောက် ဈေးအမြင့်ဆုံးဖြစ်ကာ လန်ဒန်ရှိ ကြယ်ငါးပွင့်အဆင့်ဟိုတယ်များ၏ ပျမ်းမျှအခန်းခမှာ အမေရိကန်ဒေါ်လာ ၄၂၆ ဒေါ်လာရှိပြီး ကမ္ဘာပေါ်တွင် အမြင့်ဆုံးဈေးနှုန်းဖြစ်သည်။

ကမ္ဘောဒီးယားတွင် ပထမဆုံး အမျိုးသမီးဆေးရုံဖွင့်လှစ်မည်

ကမ္ဘောဒီးယားနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု ပြဿနာများ ဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့နေရသည့် အမျိုးသမီးအများစုအား ကူညီစောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံအတွင်း အမျိုးသမီးဆေးရုံကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း အစိုးရ၏ ထုတ်ပြန်ကြေညာချက်တစ်စောင်တွင် မတ် ၁၅ ရက်က ဖော်ပြသည်။ နိုကော်တက်အမည်ရှိ ခုတင် ၂၂၀ ဆံ့ အဆိုပါ ဆေးရုံသည် ကမ္ဘောဒီးယားနိုင်ငံတွင် ၎င်း၏ပထမဆုံးကျန်းမာရေးစောင့်ရှောက်မှုဖြစ်ကြောင်း ဖောင်ဒေးရှင်းအဖွဲ့မှ ပြောကြားခဲ့သည်။ နိုင်ငံအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းပြဿနာဆိုးရွားစွာ ရင်ဆိုင်နေရသည့် အမျိုးသမီးဦးရေမှာ ၈၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ကင်ဆာရောဂါနှင့် အခြားရောဂါဝေဒနာများခံစားနေရသည့် ချို့တဲ့သော အမျိုးသမီးများအတွက် ဆေးရုံတွင် အမေရိကန်ဒေါ်လာ ၁၁ သန်း ထောက်ပံ့ပေးသွားမည်ဟု အဆိုပါဖောင်ဒေးရှင်းဥက္ကဋ္ဌ ဂျန်နီရစ်ဆက်စ်က ပြောကြားခဲ့သည်။

အယ်လ်ဂျီးရီးယားအသေခံဗုံးခွဲမှု အကြမ်းဖက်သမားလေးဦးဖမ်းဆီး

အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျာမြို့အနောက်တောင်ဘက် ကီလိုမီတာ ၁၄၀၀ ခန့်အကွာ အက်ဒရာပြည်နယ် ဘော့ဘက်ဂျီမောက်ထာမြို့ရှိ အစိုးရတပ်ဖွဲ့ဝင်များရုံးစိုက်ရာဌာနချုပ်အား ပစ်မှတ်ထားကာ အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ကြိမ်ဖြစ်ပေါ်ခဲ့သည်။

ယင်းကိစ္စနှင့်ဆက်နွယ်ပြီး အစိုးရတပ်ဖွဲ့တစ်ဖွဲ့က စစ်ဆင်ရေးတစ်ခုပြုလုပ်စဉ် မာလီနယ်စပ် ဘော့ဘက်ဂျီမောက်ထာမြို့ နေအိမ်တစ်အိမ်ကို မတ် ၁၁ ရက် နံနက်က ဝင်ရောက်စီးနင်းမှုပြုလုပ်ရာ အကြမ်းဖက်သမားလေးဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း ဒေသတွင်း အီခါဘာသတင်းစာက ဖော်ပြသည်။ ဖမ်းဆီးခံရသည့် အကြမ်းဖက်သမားလေးဦးအနက် နှစ်ဦးမှာ အသက် ၂၉ နှစ်နှင့် ၄၅ နှစ်အရွယ်အသီးသီးရှိ အယ်လ်ဂျီးရီးယားလူမျိုးများဖြစ်ကြပြီး အခြားနှစ်ဦးမှာ မော်ရီတေးနီးယားနှင့် နိုင်ဂျာလူမျိုးများဖြစ်ကြသည်။ (အင်တာနက်)

နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ

မောင်ချစ်ကြည် – ရေးသားသည်

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဂျွန်ဂျီဟွန် လက်ထပ်တော့မည်

ဆိုးလ် မတ် ၁၅

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဂျွန်ဂျီဟွန်ဟာ မကြာခင်လက်ထပ်တော့မယ်လို့ သူမရဲ့ ဂျေနှင့်ကို အမည်ရှိ ကုမ္ပဏီက မတ် ၁၅ ရက်က တရားဝင်သတင်းထုတ်ပြန်လိုက်ပြီဖြစ်ပါတယ်။

လက်ထပ်တော့မှာဖြစ်

ရုပ်ရှင်မင်းသမီး ဂျွန်ဂျီဟွန် **(အောက်ပုံ)**ဟာ My Sassy Girl ၊ Blood: The Last Vampire စတဲ့ ဇာတ်ကားတွေမှာ နာမည်ကျော်ကြား လူကြိုက်များခဲ့တဲ့ သူတစ်ဦးဖြစ်ပါတယ်။ သူမဟာ ချစ်သူဖြစ်တဲ့ ချိုဂျန်ဟော့ခ်နဲ့ လာမယ့် ဇွန် ၂ ရက်မှာ လက်ထပ်တော့မှာဖြစ်ပါတယ်။ သူတို့ချစ်သူနှစ်ဦး လက်ထပ်တဲ့အခါ ဆိုးလ်မြို့မှာရှိတဲ့ ရှီလာဟိုတယ်မှာ ကြီးကျယ်ခမ်းနားတဲ့ လက်ထပ်ပွဲပြုလုပ်မှာမဟုတ်ဘဲ သာမန်မင်္ဂလာညည့်ခံပွဲတစ်ရပ်လိုပဲ ကျင်းပသွားမယ်လို့ ရုပ်ရှင်မင်းသမီး ဂျွန်ဂျီဟွန်က ပြောကြားပါတယ်။

သူမ လက်ထပ်မယ့် ချိုဂျန်ဟော့ခ်ဟာ ငယ်ရည်းစားတွေဖြစ်ပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာကျမှ ပရိသတ်တွေကို သူမရဲ့ ချစ်သူဖြစ်ကြောင်း ထုတ်ဖော်အသိပေးခဲ့ခြင်းဖြစ်ပါတယ်။

ချိုဂျန်ဟော့ခ် ဟာ ဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ကိုရီးယားနိုင်ငံရဲ့ ထိပ်တန်းရိုးရာအဝတ်အထည် ထုတ်လုပ်ရောင်းချတဲ့ လီယောင်ဟေးရဲ့ မြေးလည်းဖြစ်ပါတယ်။ ဒါ့အပြင် တောင်ကိုရီးယားနိုင်ငံရဲ့ ထိပ်တန်းဖက်ရှင်ဒီဇိုင်နာလီဂျန်ဝူးရဲ့ ဒုတိယသားတစ်ဦးလည်း ဖြစ်ပါတယ်။ **(အင်တာနက်)**

အာကာဟိန်း – စုစည်းသည်

နိုင်ငံတကာ ရေကူးဖိတ်ခေါ်ပြိုင်ပွဲ မိုက်ကယ်ဖီးလ် ဗိုလ်စွဲ

ဝါရှင်တန် မတ် ၁၅

နိုင်ငံတကာဖိတ်ခေါ်ရေကူးပြိုင်ပွဲကို အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ကိုလံဘတ်စ်မြို့၌ မတ် ၁၃ ရက်က ကျင်းပရာ အမျိုးသား မီတာ ၁၀၀ စိတ်ကြိုက်ကူးပြိုင်ပွဲ၌ အမေရိကန်ရေကူးကစားသမား မိုက်ကယ်ဖီးလ်က ၄၈ ဒသမ ၄၉ စက္ကန့်ဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ပုံ)**

ဘရာဇီးမှ နီကိုလက်စ်အိုလီဗီရာက ၄၉ ဒသမ ၃၇ စက္ကန့်ဖြင့် ဒုတိယရရှိကာ တောင်အာဖရိကရေကူးသမား ဒါရိန်းတောင်းဆင့်က ၄၉ ဒသမ ၄၇ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

အမျိုးသား မီတာ ၁၅၀၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲတွင် မက္ကဆီကိုရေကူးသမား အာတူရိုဗာတီက ၁၅ မိနစ် ၃၀ ဒသမ ၆၉ စက္ကန့်ဖြင့် ပထမ၊ ဟန်ဂေရီမှ မက်ပက်ပ်က ၁၅ မိနစ် ၄၀ ဒသမ ၄၁ စက္ကန့်ဖြင့် ဒုတိယရရှိပြီး မက္ကဆီကိုမှ ဒီလ်ဂါဒီလိုက ၁၅ မိနစ် ၄၅ ဒသမ ၇၂ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ **(အင်တာနက်)**

ချယ်လ်ဆီးနှင့် ရီးရဲမက်ဒရစ်တို့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တက်ရောက်

လန်ဒန် မတ် ၁၅

ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ဘောလုံးပြိုင်ပွဲများကို မတ် ၁၅ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးနှင့် နာပိုလီအသင်းတို့ပွဲတွင် ချယ်လ်ဆီးက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်သည်။ **(အောက်ပုံ)**

အိမ်ရှင်ချယ်လ်ဆီးတို့ အဓိကပွဲထွက်ကစားသမားများဖြင့် ကစားခဲ့ရာ ပွဲချိန် ၂၉ မိနစ်၌ ဒရော့ဘာက တစ်ဂိုးသွင်းယူပြီး ၄၈ မိနစ်၌ တယ်ရီက တစ်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၅၅ မိနစ်၌ နာပိုလီအသင်းမှ အင်လာကချေပဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက် ပွဲချိန် ၇၅ မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် လမ်းပတ်က ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ပြန်သည်။ ပွဲပြီးချိန်တွင် နှစ်ကျော့ပေါင်းရလဒ်သရေပွဲဖြစ်နေ၍ အချိန်ပိုဆက်လက်ကစားခဲ့ရာ ပွဲချိန် ၁၀၅ မိနစ်၌ ချယ်လ်ဆီးမှ အီဗန်နိုဗစ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-လေးဂိုးဖြင့် ချယ်လ်ဆီးတို့ နိုင်ပွဲရပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

နောက်ထပ်ပွဲစဉ်ဖြစ်သည့် ရီးရဲမက်ဒရစ်နှင့် စီအက်စ်ကေအေမော်စကိုတို့ပွဲတွင် ရီးရဲမက်ဒရစ်က လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ရီးရဲမက်ဒရစ်အတွက် ဂိုးများကို ပွဲချိန် ၂၆ မိနစ်၌ ဟီဂူအင်ကတစ်ဂိုး၊ ပွဲချိန် ၅၅ မိနစ်၌ စီရိုနယ်ဒိုက တစ်ဂိုး၊ ပွဲချိန် မိနစ် ၇၀ ၌ ဘင်ဇီမာက တစ်ဂိုးနှင့် ပွဲချိန် မိနစ် ၉၀ ၌ စီရိုနယ်ဒိုက တစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ပွဲအပြီးလေးဂိုး-တစ်ဂိုးဖြင့် ရီးရဲမက်ဒရစ်တို့နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တည်ထောင်သည့် (၂၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန တည်ထောင်သည့် (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၅

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက် ၅ နာရီခွဲတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တည်ထောင်သည့် (၂၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ပြီး ဝန်ထမ်းမိသားစုများနှင့်အတူ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ အနုမောဒနာတရား နာယူကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ကျင်းပသည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သစ် တည်ဆောက်နေသည့် အခွင့်အခါကောင်းနှင့် ကြုံကြိုက်သည့် ကာလ၌ ဝန်ထမ်းများအနေဖြင့် အခြေခံကောင်း၊ အစဉ်အလာကောင်းများ ရှိပြီးဖြစ်သည့်အတွက် ဝန်ကြီးဌာန၏ နှစ်(၃၀) မြောက် နှစ်ပတ်လည်အခါသမယတွင် ယခင်နှစ်များကထက် ပိုမိုကောင်းမွန်စွာ ကျရာကဏ္ဍမှ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား/ သမီးများ၊ နိုင်ငံတော်အဆင့် အားကစားထူးချွန်ဆု ရရှိကြသူများအား ဆုချီးမြှင့်ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊
- ☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ကုမ္ပဏီဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား HUBEI HUAZHOU INDUSTRY CO., LTD. General Manager Mr. Li Kai Qiong ဦးဆောင်သောအဖွဲ့သည် မတ် ၁၄ ရက် ညနေ ၅ နာရီတွင် ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် တံတားသံပေါင်တင်သွင်းမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်၊ ဦးကျော်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန္နက်တင်

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ ပြည်သူ့ဆေးရုံ ခုတင် (၁၀၀) တိုးချဲ့လူနာဆောင် အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို မတ် ၇ ရက်က ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး ပန္နက်တင်ပေးစဉ်။ (၁၅၈)

ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်ကြသော ဦးအောင်သန်း-ဒေါ်စောခင်နှင့်သား ဦးအောင်စိုးတို့အားရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၁၀) ကျောင်းလမ်း တောင်လုံးပြန်ရပ်ကွက်နေ သားသမီး၊ မောင်နှမတစ်စုတို့က ရွှေတိဂုံဘုရားကြီး၏ ထာဝရဘက်စုံ နဝကမ္မပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းခွဲကို ဂေါပကအဖွဲ့ဝင် ဦးကျော်သူလှိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း မှုခင်းသတင်း

လမ်းဖြတ်ကူးသူအား ကားတိုက်

ဝမ်းတွင်း မတ် ၁၅

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ရဲစခန်းအပိုင် ရွာရှည်ကျေးရွာတွင် မတ် ၁ ရက် ညနေက ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၆၈/၀ အနီး၌ ရွာရှည်ကျေးရွာနေ ပျံကျလုပ်သား ကိုဌေးဦး (၃၇) နှစ်သည် လမ်း၏ ယာဘက်မှ ဝဲဘက်သို့ဖြတ်ကူးစဉ် မန္တလေးဘက်မှမောင်းလာသည့် ကုန်တင်ကားကြီး တစ်စီးက ဝင်ရောက်တိုက်မိပြီး ထွက်ပြေးသွားခဲ့သည်။ ပျံကျလုပ်သား ကိုဌေးဦးတွင် ဒဏ်ရာများ ရရှိသွားသဖြင့် ဝမ်းတွင်းဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ထားရကြောင်း သိရှိရသည်။ (၀၁၂)

ရှေ့မှစက်ဘီးကို နောက်ကားဝင်တိုက်

ကော့ကရိတ် မတ် ၁၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ဘုရင့်နောင်လမ်း ကညနရုံးအနီးတွင် မတ် ၁၂ ရက် နံနက် ၁၀ နာရီခန့်က အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ မမေလွင်ဦး(ခ)မိလုံး(၂၃) နှစ်နှင့် သမီးဖြစ်သူ မကြေယ်ဇင်လင်း (၄) နှစ်တို့ စီးနင်းလာသောစက်ဘီးကို အမှတ်(၃)ရပ်ကွက် ဝင်းကြီးဗလီတန်းလျားနေ ကျော်စိုး(၂၃) နှစ် မောင်းနှင်သော ၈ဇ/.... ဟိုက်အေ့စ်ပါကာစတန်ကားက နောက်မှ ဝင်တိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ စွယ်တော်ပင်အား ဝင်ရောက်တိုက်မိသည်။

ယာဉ်တိုက်မှုကြောင့် စက်ဘီးမှာ ပျက်စီးပြီး မိခင်ဖြစ်သူ မေလွင်ဦးမှာ ဝဲလက်ကျိုး၊ နဖူးကွဲဒဏ်ရာ၊ သမီးဖြစ်သူမကြေယ်ဇင်လင်းမှာ ဝဲလက်ကျိုး၊ ချိုစောင်းနှင့်နောက်စေ့ကွဲဒဏ်ရာရရှိသဖြင့် ခရိုင်ပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ခဲ့ရကြောင်း သိရှိရသည်။ **(၁၀၉)**

ရေလုပ်သားချင်း စကားများပြီး လူသတ်မှုဖြစ်

ငပုတော မတ် ၁၅

မတ် ၁၀ ရက် ညနေ ၄ နာရီခန့်က ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းအရှေ့တောင်ဘက် ၄၅ မိုင်ခန့်အကွာ ပင်လယ်ပြင်၌ ရေလုပ်သားများ ငါးဖမ်းစက်လှေဖြင့် ပိုက်ချနေစဉ် ကိုနေလင်းစိုး အသက် ၂၈ နှစ် (ဘ) ဦးစိန်ဝင်းနိုင်၊ ထားဝယ်မြို့ မြို့သစ်ရပ်ကွက်နေသူနှင့် ဦးဂန်ကျိုး အသက် ၄၆ နှစ် (ဘ) ဦးတင်ဝင်း၊ လောင်းလုံးမြို့နယ် ဗွေးနှစ်ပင်ကျေးရွာနေသူ ရေလုပ်သားနှစ်ဦးတို့ စကားများကြရာမှ ခိုက်ရန်ဖြစ်ပြီး ဦးဂန်ကျိုးမှာ ဓားဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ **(၀၇၇)**

၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က အမက (၁၇) မရမ်းကုန်း၌ ကျင်းပရာ စတုတ္ထတန်းတွင် ဘက်စုံထူးချွန်ဆုရ မနှင်းတွယ်တာလင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီစိုး ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့အလင်း ကျန်းမာရေးသုတ

အသက်အရွယ်ကြီးရင့်သည့် အမျိုးသမီးများ ဆီကြော်အစားအစာများကြောင့် လေဖြတ်နိုင်

မောင်ချစ်ကြည်-ရေးသားသည်

ဆီဖြင့် ကြော်ထားသော အစားအစာများကို စားသုံးလေ့ရှိသည့် အသက်အရွယ်ကြီးရင့်သော အမျိုးသမီးများသည် လေဖြတ်ဝေဒနာခံစားရနိုင်မှု အခွင့်အလမ်း ပိုမိုများပြားကြောင်း အမေရိကန်ဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များက မတ် ၁၄ ရက်၌ ထုတ်ဖော်သတိပေးလိုက်သည်။

လေဖြတ်ဝေဒနာများခံစားရ

အသက် ၅၀ နှင့် ၇၅ နှစ်အကြား အမျိုးသမီးကြီး ၈၇၀၂၅ ဦးတို့အား စနစ်တကျ သုတေသနပြုလေ့လာခဲ့ရာ ဆီဖြင့်ကြော်ထားသော အစားအစာများကို စားသုံးလေ့ရှိသည့် အမျိုးသမီးကြီးများသည် လေဖြတ်ဝေဒနာများခံစားကြရကြောင်း တွေ့ရှိခဲ့ကြသည်ဟု ၎င်းတို့က ပြောကြားသည်။

ဆီဖြင့် ကြော်ထားသောဟင်းများ၊ မုန့်များနှင့် အလွယ်တကူ အမြန်စားသုံး၍ရသော ဆီကြော်သရေစာမုန့်များကို နေ့စဉ်စားသုံးလေ့ရှိသည့် အမျိုးသမီးများသည် ခန္ဓာကိုယ်အတွင်းသို့ တစ်နေ့လျှင် အသွင်ပြောင်းဖက်တီးအက်စစ် ၆ ဒသမ ၁ ဂရမ်မျှ ဝင်ရောက်စုပုံလျက်ရှိသည်ဟု အမေရိကန်ဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

အသွင်ပြောင်းဖက်တီးအက်စစ်သည် ခန္ဓာကိုယ်အတွင်း သွေးကြောများကို ပိတ်ဆို့စေပြီး လေဖြတ်ခြင်းဝေဒနာ၊ ဦးနှောက်သွေးကြောပိတ်ဆို့ခြင်း၊ ဦးနှောက်အတွင်းသွေးခဲစေခြင်းများ ဖြစ်ပေါ်စေတတ်သည်ဟု ဆို၏။ အမျိုးသမီးတစ်ဦးအတွက် တစ်နေ့လျှင် အသွင်ပြောင်းဖက်တီးအက်စစ် ၂ ဒသမ ၂ ဂရမ်မျှသာ ခန္ဓာကိုယ်အတွင်း ရောက်ရှိစေသင့်ကြောင်းလည်း ၎င်းတို့က အကြံပြုထားသည်။

ဆီကြော်အစားအစာများကို စားသုံးလေ့ရှိသော အမျိုးသမီးများသည် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်း၊ သွေးပေါင်တိုးမြင့်စေသည့် အစားအစာများကို ရှောင်ခြင်း၊ ဆေးလိပ်သောက်သုံးမှု မပြုလုပ်ခြင်းအပြင် အက်စပရင်ဆေးပြားကို ပုံမှန်သောက်သုံးပေးခြင်းတို့ ပြုလုပ်ပေးသင့်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

အမျိုးသားလွှတ်တော် ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ AIAP နှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌအား ထိုင်းအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် မတ် ၁၅

အမျိုးသားလွှတ်တော် ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ AIAP နှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူးအား ထိုင်းနိုင်ငံအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ Miss Pikulkeaw Krairiksh နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ကော်မတီ အဆောင်အမှတ်(၂၀)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ကော်မတီအတွင်းရေးမှူး ဦးညွန့်တင်နှင့်ကော်မတီဝင်များ၊ လွှတ်တော်ရုံးမှတာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာ-ထိုင်းနှစ်နိုင်ငံ လွှတ်တော်ကော်မတီများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့အတွက် ဗိသုကာလက်ရာများပြပွဲ ပြသ

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံ ဗိသုကာအသင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြည်သူများအတွက် ဗိသုကာလက်ရာများ ပြပွဲဖွင့်ပွဲကို မတ် ၁၅ရက် နံနက်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ အဆိုပါပြပွဲကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံစီးပွားဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံ ဗိသုကာအသင်းနာယက ဦးသန်းထွန်း၊ ဒေါ်သင်းသင်းအေး၊ ဥက္ကဋ္ဌဦးသော်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အတွင်းရေးမှူး ဦးကိုကိုကြီးတို့က ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပြပွဲကို မတ် ၁၅ ရက်မှ ၁၈ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိပြသမည်ဖြစ်ပြီး အဆိုပါပြပွဲတွင် ဗိသုကာသမိုင်းဆိုင်ရာ ပြကွက်၊ မြန်မာခေတ်ဦး ဗိသုကာကြီးများ၏သမိုင်းဝင်လက်ရာများ ပြကွက်နှင့်မှတ်ပုံတင်ဗိသုကာများ၏ လက်ရာဒီဇိုင်းများနှင့်အတူဆောက်လုပ်ရေးနှင့် ဆက်စပ်ပစ္စည်းများ၊ ဆောက်လုပ်ရေးနည်းပညာပြကွက်များကို ပြသထားကြောင်းသိရှိရသည်။ **(အပေါ်ပုံ) (၁၆၈)**

မြန်မာ့အလင်း ဘဝအမေးအဖြေ

ခွင့်လွှတ်ပါ

အာကာဟိန်း-ရေးသားသည်

ခုတင်ပေါ်တွင် အသက်ထွက်လုနီးပါးဖြစ်နေသော ခင်ပွန်းဖြစ်သူက အနီးရှိ ဇနီးဖြစ်သူအား ခေါ်ယူကာ စကားပြောလေသည်။

ခင်ပွန်း ။ ။ မိန်းမရယ် ငါဝန်ခံစရာရှိတယ်။

ဇနီး ။ ။ စကားသိပ်မပြောပါနဲ့၊ အားကုန်နေပါ့မယ်။

ခင်ပွန်း ။ ။ နောက်ဆုံးစကားမို့ပါ မိန်းမရယ်။

ဇနီး ။ ။ ဒါဆိုရင်ပြောလေ။

ခင်ပွန်း ။ ။ ငါလေ အခြားအမျိုးသမီးတစ်ယောက်နဲ့ ငြိစွန်းခဲ့ဖူးတယ်။ အဲဒီအတွက် ငါ့ကိုခွင့်လွှတ်စေချင်ပါတယ်။

ဇနီး ။ ။ ခွင့်လွှတ်ပါတယ်ရှင်၊ ကျွန်မကိုလည်း ခွင့်လွှတ်စေချင်တယ်။

ခင်ပွန်း ။ ။ ဘာဖြစ်လို့လဲ။

ဇနီး ။ ။ ကျွန်မရှင့်ကို အဆိပ်ကျွေးလိုက်မိတယ်။

ခင်ပွန်း ။ ။ ဘာ…။

❒ *ကျောဖုံးမှ*

(၆၅ ဒသမ ၈၉)ရာခိုင်နှုန်း လျော့ချရန်၊ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၂) အထွေထွေအကြီးစား စက်မှုလုပ်ငန်းတို့၏ လုပ်ငန်းပမာဏ (၅)ရာခိုင်နှုန်း လျော့ချရန်၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန စက်မှုစီမံကိန်းဦးစီးဌာန လုပ်ငန်းများ၏ လုပ်ငန်းပမာဏ (၁၀၀) ရာခိုင်နှုန်း ဆိုင်းငံ့ရန်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတို့၏ လုပ်ငန်းပမာဏ (၁၀ ဒသမ ၄၅) ရာခိုင်နှုန်း လျှော့ချရန်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့၏ လုပ်ငန်းပမာဏ (၉ဒသမ ၉၃) ရာခိုင်နှုန်းလျှော့ချရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ လမ်းတံတားဦးစီးလုပ်ငန်းတို့၏ လုပ်ငန်းပမာဏ(၃၀ဒသမ၁၉) ရာခိုင်နှုန်းလျှော့ချရန်၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းများ၏လုပ်ငန်း ပမာဏ (၇ ဒသမ ၉) ရာခိုင်နှုန်း လျှော့ချရန်တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် လွှတ်တော်က သဘောတူ ဆုံးဖြတ်ခဲ့ကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီ ၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို မတ်လ ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပဲခူးမြစ်အတွင်း သဲသောင်များ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ပဲခူးမြစ်အတွင်း ရေစီးရေလာအဟန့်အတားဖြစ်စေခဲ့သော သဲသောင်များ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ပဲခူးမြို့ဥဿာမြို့သစ်၌ စက်မှုဇုန်တည်ဆောက်မည့်နေရာနှင့် ပဲခူးမြို့ သနပ်ပင်လမ်းရှိ လိပ်ပြာကန် ပြန်လည်မွမ်းမံတည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ငွေကျပ် နှစ်သိန်းတန် GSM SIM CARD များ ရောင်းချရေး အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၅

ကချင်ပြည်နယ် GSMသန်း(၃၀) တိုးချဲ့ရေးစီမံကိန်း၊ ငွေကျပ် နှစ်သိန်းတန် GSM SIM CARD များ ရောင်းချရေး အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဌာနစိတ် အဆောက်အအုံရှေ့၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးကမန်းဒူးနော်နှင့်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပြည်နယ်မန်နေဂျာ ဦးအောင်ဖြိုးမြတ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် မီးဘေးကြိုတင်ကာကွယ်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး ကြို့ပင်ကောက်၌ သရုပ်ပြလေ့ကျင့်

နေပြည်တော် မတ် ၁၅

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြန်မာ့သစ်လုပ်ငန်း ကြို့ပင်ကောက် သစ်ဆိပ်(က)နှင့် သစ်ဆိပ်(ခ)၌ မတ် ၃ရက်က မီးဘေးကြိုတင်ကာကွယ်တားဆီးရေး လက်တွေ့သရုပ်ပြပွဲကို ကျင်းပရာ ဇီးကုန်းသစ်ထုတ်ရေးဒေသမန်နေဂျာ ဦးဦးသန်းမြင့်၊ လက်ထောက်မန်နေဂျာ ဦးညီမင်းလတ်၊ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာဖြူဝင်း၊ အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ဦးဇော်ဝင်းတို့က သန္နေမီးသတ်၊ အရန်မီးသတ်များ၊ သစ်ဆိပ်(ခ) သစ်အုပ်ဦးသန်းထွန်း၊ သစ်ဆိပ်(က) ချောင်းအုပ်ဦးမြင့်သိန်းနှင့်ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)(၁၁၁)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၃-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
၅း၂၀	MRTV-4 သတင်း
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၂၂)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရှာ** (အပိုင်း-၉၉)
၈း၅၀	The Shop Around The Corner (Part-44)
၁၀း၀၀	လူတိုင်းလူတိုင်းကျန်းမာဖို့ AVAMIN ကို သောက်ကြစို့
၁၀း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့် လှစေသူ** (အပိုင်း-၁၄)
၁၁း၃၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ကျွန်တော်နှင့် လွဲသုံးဖော်**
၂း၀၀	MRTV-4 သတင်း
၄း၀၀	MNL MYANMAR 2012 (Rakhapura Vs Ayeyawady) (LIVE)
၆း၀၀	MRTV-4 သတင်း
၆း၁၅	Movie Talk [ဒါရိုက်တာကြည်စိုးထွန်း၊ ဒါရိုက်တာမောင်မောင်မြင့်] (အပိုင်း-၅)
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၂၃)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Myanmar Cooking Master (ပွဲစဉ်-၄)
၉း၂၀	The Shop Around The Corner (Part-45)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရှာ** (အပိုင်း-၁၀၀)
၁၁း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့် လှစေသူ** (အပိုင်း-၁၅)
၁၂း၄၀	အမှိုက်နှင့်သင့်တာဝန်
၁၂း၄၅	VJ Choice
၁း၃၀	World of Knowledge (Asia's Titanic)
၂း၂၅	**သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်)
၂း၄၅	အိုက်ကီဒိုနှင့်သမီးပျို
၄း၀၅	အဖိုးတန်သော သဘာဝသယံဇာတမြေ ဟူးကောင်း
၄း၂၀	တန်ဖိုးရှိသော ဝါးပင်လေးများမှသည်…

လှူဒါန်း

မတ် ၁၀ ရက်က ကြည့်မြင်တိုင်မြို့နယ် သရက်တော (တောင်) ရပ်ကွက်မှ မီးဘေးသင့် အိမ်ထောင်စုကိုးစုသို့ မြန်မာ့နဝရတ် မျက်စိစောင့်ရှောက်မှုသမဝါယမအသင်း လီမိတက်မှ ဝန်ထမ်းမိသားစုများက နံနက်စာ ထမင်းဟင်း အာဟာရများ လှူဒါန်းပြီး ငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိ အဝတ်အထည် အသုံးအဆောင်များ လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

ကုန်သွယ်မှုဆိုင်ရာ မူဝါဒသစ်များကြောင့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍပါဝင်မှု တိုးတက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ခေတ်နှင့်အညီဆောင်ရွက်

နေပြည်တော် မတ် ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသည့် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်သွယ်ရေးဆိုင်ရာ ဖြေလျှော့မှုများ၊ အခွန်လျှော့ပေါ့မှုများကို ဆောင်ရွက်ခဲ့သကဲ့သို့ ကုန်သွယ်ဖက်နိုင်ငံများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများပူးပေါင်းပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စများ၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ မူဝါဒသစ်များကြောင့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ပါဝင်မှု တိုးတက်လာပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ခေတ်နှင့်အညီဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများ အနေဖြင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် စွမ်းဆောင်ရည် မြင့်မားကျွမ်းကျင်စွာ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၂) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် ဆွီဒင်နိုင်ငံရှိ Raoul Wallenberg Institute of Human Rights and Humanitarian Law(RWI),University of Lund နှင့်ပူးတွဲ၍ ဆွီဒင်နိုင်ငံတကာ ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (Swedish International Development Cooperation Agency - SIDA)၏ ပံ့ပိုးမှုဖြင့် အစိုးရအရာထမ်းများနှင့် ကော်မရှင်အရာထမ်းများအတွက် လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အင်းလျားကန်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပို့ချမည့်ပညာရှင်များ၊ Sida ၏ မြန်မာနိုင်ငံ အကူအညီပေးရေးဆိုင်ရာညှိနှိုင်းရေးမှူး၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha ၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ Ms. Rosalie Fournier နှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သည့် အရာထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက အဖွင့်အမှာစကားပြောကြားပြီး ဆွီဒင်နိုင်ငံတကာ ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (SIDA) ၏ မြန်မာနိုင်ငံ အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Bengt Ekman နှင့် RWI မှ ဥပဒေပါမောက္ခ Brian Burdekin AO တို့က အမှာစကားပြောကြားကြသည်။

ကျင်းပမည်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ အစိုးရအရာထမ်းများနှင့် ကော်မရှင်အရာထမ်းများအတွက် လူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လားရှိုးမှ ရန်ကုန်- တောင်ကြီးနှင့် နေပြည်တော်သို့ အမြန်ချောပို့များ အမြန်ရောက်ရှိပြီ

လားရှိုး မတ် ၁၅

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့မှ ရန်ကုန်-တောင်ကြီးနှင့် နေပြည်တော်သို့ အမြန်ချောများပေးပို့လိုပါက နံနက် ၁၁ နာရီ မြန်မာ့ဆက်သွယ်ရေး စာတိုက်သို့အရောက်ပို့လျှင် နောက်တစ်နေ့တွင် ရန်ကုန်မြို့၊ တောင်ကြီးမြို့နှင့် နေပြည်တော်သို့ အရောက်ပို့နိုင်ပြီဖြစ်ကြောင်းသိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာမည့် လေအိတ် မော်တော်ယာဉ်များမှာ နေ့စဉ် မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ တောင်ကြီးမြို့နှင့် နေပြည်တော်သို့ထွက်ခွာမည့် လေအိတ် မော်တော်ယာဉ်များမှာ ညနေ ၆ နာရီတွင် အသီးသီးထွက်ခွာကြသဖြင့် ရန်ကုန်မြို့သို့ ပေးပို့လိုသည့် အမြန်ချောပို့များကို နံနက် ၁၁ နာရီ နောက်ဆုံးထားပို့ပါက မွန်းတည့် ၁၂ နာရီထွက်ခွာမည့် မော်တော်ယာဉ်ဖြင့်ပို့ပေးမှာဖြစ်ကြောင်း၊ နေပြည်တော်နှင့်တောင်ကြီးမြို့များသို့ ပို့ရန်အတွက် မူ မွန်းလွဲ ၂ နာရီအထိ လက်ခံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း လားရှိုးမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာတိုက်တာဝန်ရှိသူတစ်ဦးထံမှတစ်ဆင့် သိရှိရသည်။ **(မမ-လားရှိုး)**



ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့

"အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ၂၀၁၂"

၂၀၁၂ ခုနှစ် မတ်လ ၂၂ ရက်မှ ၃၁ ရက်အထိ

တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ပါသည်။

အသက် ၉ လမှ ၅ နှစ်အတွင်း ကလေးငယ်များအားလုံးကို

မပျက်မကွက် ခေါ်ဆောင်လာ၍ ကာကွယ်ဆေးထိုးကြရန်

ငါးနှစ်အောက်ကလေးများ သေဆုံးရသည့် အကြောင်းရင်းများ နမိုးနီးယားနှင့်ဝမ်းပျက်ဝမ်းလျှောတို့၏ အဓိကအကြောင်းအရာများဖြစ်

ကလေးသူငယ်ရှင်သန်ရေး စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအတွက် လတ်တလောအသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောတို့အတွက် ဆန်းစစ်ခြင်းနှင့် ကုသမှုပေးခြင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံ အပါအဝင် တစ်ကမ္ဘာလုံးတွင် အသက်ငါးနှစ်အောက် ကလေးများ သေဆုံးရသည့် အကြောင်းရင်းများအနက် လတ်တလော အသက်ရှူလမ်းကြောင်းတွင်း ပိုးဝင်ခြင်း/နမိုးနီးယားနှင့် ဝမ်းပျက် ဝမ်းလျှောခြင်းတို့သည် အဓိကအကြောင်းအရာများ ဖြစ်ကြောင်း၊ နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများကြောင့် သေဆုံးရခြင်းကိုလျှော့ချနိုင်မည့် ထိရောက်သော နည်းလမ်းများရှိနေသော်လည်း နိုင်ငံတစ်ဝန်းလုံးရှိ ကလေးများ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရန်လိုအပ်ချက်များ ရှိနေသေးရာ ကလေးလူနာသေဆုံးမှုကျဆင်းအောင်ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်းဖြင့် မတ် ၁၄ ရက် နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန၌ကျင်းပသည့် ကလေးသူငယ်ရှင်သန်ရေး စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအတွက် လတ်တလောအသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောတို့အတွက် ဆန်းစစ်ခြင်းနှင့် ကုသမှုပေးခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် ကိုယ်စား Young Child Survival and Development Section မှ Chief Dr. Marinus Gotink က အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် Child Survival Forum ကို ကျင်းပရာ ဆွေးနွေးပွဲသဘာပတိ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာ ဒေါ်သိန်းသိန်းအေးက အရှေ့တောင်အာရှဒေသအတွင်း ငါးနှစ်အောက်ကလေးများ အသက်ရှူလမ်းကြောင်းတွင်းပိုးဝင်ခြင်း၊ နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (အမျိုးသမီးနှင့်ကလေး) ဒေါက်တာ ဒေါ်မြင့်မြင့်သန်းက ငါးနှစ်အောက်ကလေးငယ်များ လတ်တလောအသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း၊ နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားမှု အခြေအနေနှင့် ကလေးသေဆုံးမှုနှုန်းကျဆင်းရေးလုပ်ငန်း ဆောင်ရွက်နေမှု လုပ်ငန်းများကိုလည်းကောင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ကလေးသူငယ်ရှင်သန်ရေးကျွမ်းကျင်သူပုဂ္ဂိုလ် (Child Survival Specialist) Dr. Siddharth Nirupan က အမျိုးသားအဆင့် CCM လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အဆင့်ဆင့်အခြေအနေ (Implementation Process on CCM at National Level) ကို လည်းကောင်း၊ လုပ်ငန်းဆန်းစစ်သူ ဒေါက်တာ ဒေါ်ကြူကြူသန်းက လုပ်ငန်းဆန်းစစ်မှု ရည်ရွယ်ချက်၊ အသုံးပြုနည်းလမ်း (Methodology) တွေ့ရှိချက်၊ အဆိုပြုချက်များကိုလည်းကောင်း၊ ထားဝယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသူဇာက ထားဝယ်မြို့နယ်အတွင်း CCM လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု အတွေ့အကြုံများ၊ စီမံချက်နှင့် မြို့နယ်အဆင့် ပြည်သူလူထုအခြေပြု လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများကို လည်းကောင်း၊ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်နှင်းနှင်းလွင်က ထားဝယ်မြို့နယ်အတွင်း CCM လုပ်ငန်းအကောင်အထည် ဖော် ဆောင်ရွက်မှုသင်တန်း အတွေ့အကြုံများကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး သူနာပြုအရာရှိ ဒေါ်ခင်သန့်ဇင်က ထားဝယ်မြို့နယ်အတွင်း CCM လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်မှုလုပ်ငန်း အတွေ့အကြုံကိုလည်းကောင်း၊ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများဖြစ်ကြသည့် နော်ဖောအယ်မူးနှင့် စောကဲဒိုတို့က ပြည်သူလူထုအတွင်း CCM လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အတွေ့အကြုံများကိုလည်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **မီးလောင်မှုသတင်းများ**

ဗဟန်းမြို့နယ်က မီးသင့်ခဲ့သောကျောင်းတိုက် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်

ရန်ကုန် မတ် ၁၅

ယမန်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်ရပ်ကွက် ခြောက်ထပ်ကြီးဘုရားဝင်းအတွင်းရှိ ဇေယျသုခကာရီ ကျောင်းတိုက်အတွင်း မီးအားမြှင့်စက်အပူရှိန်လွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၃၆ စီး၊ အုပ်ချုပ်မှုယာဉ်ခုနစ်စီး၊ အထောက်အကူပြုယာဉ်နှစ်စီးနှင့် ပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းငြိမ်းသတ်မှုကြောင့် မီးမှာ နေ့လယ် ၁၁ နာရီ မိနစ် ၂၀ တွင် ငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားစဉ် အဆိုပါကျောင်းတိုက်မှ ကျောင်းနေသံဃာတော်များမှာ ဆွမ်းစားပင့်သွားနေသည့်အတွက် ယခုကဲ့သို့လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် ကျောင်းတိုက်အပေါ်ထပ်တစ်ထပ်လုံး မီးသင့်ခဲ့ကာ အောက်ထပ်ရှိအသုံးအဆောင်ပစ္စည်းအားလုံး ပျက်စီးခဲ့ကြောင်း ဇေယျသုခကာရီကျောင်းတိုက် ဆရာတော်မှ မိန့်ကြားခဲ့သည်။

မီးသင့်ခဲ့ရသော အဆိုပါ ကျောင်းတိုက်ကို အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်နေပြီဖြစ်သည်။

ညွှန်ကြားထား

ယခုအခါတွင် ခြောက်ထပ်ကြီးဘုရားဝင်းအတွင်းရှိ ကျောင်းတိုက်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျှပ်စစ်ဝိုင်ယာကြိုးများ ပြန်လည်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၁၅၀)**

ကလေးမြို့၌ မီးလောင်မှုဖြစ်ပွား

ကလေး မတ် ၁၅

ကလေးမြို့ ဗိုလ်ချုပ်လမ်း ပင်လုံနယ်မြေ(၅) နှစ်ထပ်တိုက်နေအိမ်အပေါ်ထပ်တွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ မတ် ၁၄ ရက် ညနေ ၄ နာရီခွဲ၌ မီးစတင်လောင်ကျွမ်းရာ မီးလောင်ကျွမ်းမှုသတင်း ရလျှင်ရချင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ခြောက်စီး၊ စည်ပင်ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းကာ မီးငြိမ်းသတ်နိုင်ခဲ့သဖြင့် ညနေ ၄ နာရီ ၄၅ မိနစ်၌ မီးငြိမ်းခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(၁၆၅)**

ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ်မီးရန်စွယ်

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲ မြောင်းမြမြို့နယ်၌ ကျင်းပ

မြောင်းမြ မတ် ၁၅

ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၉ နာရီက မြောင်းမြမြို့နယ် သိလ္လာချောင်းဖျားကျေးရွာ ရွှေသိလ္လာစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေထွန်းက စာဖတ်ခြင်းကြောင့်ရရှိသော အကျိုးကျေးဇူးများအကြောင်း ဟောပြောသည်။ ထို့နောက် မြို့နယ်အတွင်းရှိ စံ(၅) ချက်နှင့်ပြည့်စုံသောစာကြည့်တိုက်များသို့ ငွေကျပ်ငါးသိန်းတန်ဖိုးရှိ သုတ၊ ရသ မဂ္ဂဇင်း၊ စာအုပ်စာစောင်တို့ကို တာဝန်ရှိသူများက ပေးအပ်ရာ ကျေးရွာစာကြည့်တိုက်တာဝန်ခံများက လက်ခံယူကြသည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေးအထိမ်းအမှတ်ဆုပေးပွဲများကို ကျင်းပရာ အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲဆုကို တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးငွေထွန်းကလည်းကောင်း၊အလယ်တန်းဆင့်ဆုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်ကလည်းကောင်း၊ မူလတန်းဆင့်ဆုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်ကလည်းကောင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲဆုကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်ကလည်းကောင်း၊ ကဗျာရွတ်ဖတ်ပြိုင်ပွဲ အထက်တန်းဆင့်ဆုကို သိလ္လာကျေးရွာ အထကကျောင်းအုပ်ဆရာမကြီးကလည်းကောင်း၊ ကဗျာရွတ်ဖတ်ပြိုင်ပွဲ အလယ်တန်းဆင့်ဆုကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

ရွှေတောင်မြို့နယ်၌ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရွှေတောင်မြို့ မတ် ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မြို့နယ်ပြည်သူ့အားကစားကွင်း၌ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို မတ် ၇ ရက် ညနေ ၃ နာရီခွဲက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် သရက်တော(ခ) ရပ်ကွက်ဘောလုံးအသင်းနှင့် ယွန်းတန်းရပ်ကွက်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကြရာ သရက်တော(ခ)ရပ်ကွက်ဘောလုံးအသင်းက ယွန်းတန်းရပ်ကွက်ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ပထမရရှိသော သရက်တော(ခ)အုပ်စု ဘောလုံးအသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက ပထမတံခွန်စိုက်ဆုဖလား **(အပေါ်ပုံ)** နှင့်ဆုငွေကျပ်သုံးသိန်းကိုချီးမြှင့်ပြီး ဒုတိယဆုရရှိသော ယွန်းတန်းအသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဉာဏ်မြင့်က ဆုငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော ဒုရင်ဒုဘိုအုပ်စု ဘောလုံးအသင်းအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့်က ဆုငွေကျပ်တစ်သိန်းနှင့် တစ်ဦးချင်းဆုများကိုလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုနှင့် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုတံဆိပ်များနှင့် ငွေသားဆုများကို ရပ်မိရပ်ဖများနှင့် လုပ်ငန်းရှင်များကချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွမ်းလုံမြို့နယ်၌ ပေးအပ်

ကွမ်းလုံ မတ် ၁၅

ကွမ်းလုံမြို့နယ် မန်ပြိန်းကျေးရွာအုပ်စု၌ မိုးပွင့် အဆင့် -၂ စီမံချက်အရ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပရာ နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၂၂ ဦးအား ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇင်လတ်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းမြင့်တို့က နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို တစ်ဦးချင်းထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၄၀၂)

ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၁၅

ထိုင်းနိုင်ငံပန်ကောက်မြို့၌ ကျင်းပမည့် The 12th Regional Congress on Geology, Mineral & Energy Resources of South East Asia (12th GEOSEA 2012 Conference)သို့တက်ရောက်ရန်အတွက် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ နာယက ဒေါက်တာဝင်းဆွေ၊ ဥက္ကဋ္ဌဦးစိုးမြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းတို့သည် မတ် ၆ ရက်နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာမြန်မာနိုင်ငံဘူမိသိပ္ပံအသင်း အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၅

ဆန်စပါးကြိတ်ခွဲပြုပြင်သိုလှောင်ရေးနှင့်ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလုပ်ငန်းများတွင် အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာနှင့် ISO/HACCP စနစ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအကြောင်း ရှင်းလင်းဟောပြောပွဲကို မတ် ၈ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ခန်းမကြီး၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် Global Group Myanmar မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းက ISO Standard and HACCP အစားအစာအန္တရာယ် ကင်းရှင်းရေးစနစ်များအကြောင်းကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ Traders Hotel မှ Hygiene & Sanitation Manager Dr. Bo Bo က အစားအစာအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှု အတွေ့အကြုံများကို HACCP စနစ်ဖြင့် ဆက်စပ်ရှင်းလင်းဟောပြောသည်။ ထို့နောက် Ayeyan Hinthar Group of Companies အား HACCP Certificateကို Global Group Myanmarမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းကပေးအပ်ရာ ဒါရိုက်တာ ဦးအာယု လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ဆန်စပါးလုပ်ငန်းအသင်း)**

ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၅

သဃ်န်းကျွန်းမြို့နယ် မဟာစည် မြဝတီသာသနာ့ရိပ်သာ(၂၁)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုတစ်လသင်တန်းနှင့် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ၊ ဝိပဿနာတရား အားထုတ်ပွဲကို မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မဟာစည် မြဝတီ သာသနာ့ရိပ်သာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝ၂၅)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၁၅

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်

*ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်က ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပသည်။ ထို့နောက် ရပ်ကွက်/ ကျေးရွာ စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအနေဖြင့် ဖေဖော်ဝါရီ ၂၄ ရက်၊ ၂၅ ရက်က ညောင်ဦးမြို့နယ် စဥ့်ကူကျေးရွာနှင့် ငါ့သရောက်မြို့နယ် ကုလားတဲကျေးရွာတို့၌ စာပေဟောပြောပွဲများကျင်းပခဲ့ရာ စာရေးဆရာမ ဗိုလ်ချိုမြေ တင်တင်ဝင်းနှင့် မန္တယ်(ကလော)တို့က စာပေဖတ်ရှုခြင်းနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများကို ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)***

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ထန်းတပင်မြို့နယ် တလိုင်းအိုင်ကျေးရွာအုပ်စု၌ လူငယ့်အားမာန်စာကြည့်တိုက်ဖွင့်

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် တလိုင်းအိုင်ကျေးရွာအုပ်စုအတွင်းရှိ ရွှေအင်းမကျေးရွာနေပြည်သူများ ဗဟုသုတရရှိနိုင်စေရေးအတွက် လူငယ့်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့မျက်နှာစာ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် ကျေးရွာရာအိမ်မှူး ဦးစိန်လှမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဦးစီးမှူး ဦးတင်မောင်ဝင်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ဦးစီးမှူးက ဂျာနယ်စာစောင် ၂၀၀၊ ဖေဖော်ဝါရီလမှစတင်၍ ဒို့ကျေးရွာဂျာနယ်၊ ကြေးမုံသတင်းစာတို့ကို လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းလှမောင်နှင့် စာကြည့်တိုက်မှူး ဦးစိုးလွင်တို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

သွားလမ်းသာ၍ လာလမ်းဖြောင့်စေသည့် ရွာတန်း-စီးခုံကျေးလက်ဖွံ့ဖြိုးရေးလမ်း

သတင်းမှတ်စုနှင့်ဓာတ်ပုံ - သတင်းထောက် ညွန့်ရွှေ

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုအပေါ် မူတည်လျက်ရှိသည်။ ကျေးလက်နေပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားများ၏ အကျိုးကျေးဇူးကား တန်ဖိုးကြီးမားလှသည်။ ကျေးလက် ဒေသများမှထွက်ရှိသော ထုတ်ကုန်သီးနှံများကို ဈေးကွက်သို့ အချိန်မီသယ်ပို့ပေးနိုင်မှသာ စားသုံးသူများထံ လျင်မြန်လွယ်ကူစွာ ရောက်ရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လယ်ယာခွင်မှသည် ကျေးလက်အရောက် ခရီးပေါက်နိုင်ရန် ခရိုင်ချင်းဆက်လမ်းများနှင့် ကျေးလက်ဖွံ့ဖြိုးရေးလမ်းများသည် များစွာအသုံးဝင်လျက်ရှိသည်။

ရမည်းသင်းမြို့နယ်သည် ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်းနှင့် ရထားလမ်းကြားတွင်တည်ရှိပြီး အရှေ့ဘက်တွင် ပင်လောင်းမြို့နယ်၊ တောင်ဘက်တွင် တပ်ကုန်းမြို့နယ်၊ အနောက်ဘက်တွင် နတ်မောက်မြို့နယ်နှင့် မြောက်ဘက်တွင် ပျော်ဘွယ်မြို့နယ်တို့အကြားတွင် တည်ရှိသည်။ ရမည်းသင်းမြို့ အရှေ့ဘက်ခြမ်းတွင် မြင်းနားကျေးရွာအုပ်စုကိုဖြတ်၍ ခရိုင်ချင်းဆက် ကတ္တရာလမ်းနှင့် အနောက်ဘက်တွင် နေပြည်တော်-မန္တလေး၊ နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး ဖောက်လုပ်ပြီးစီးနေပြီဖြစ်၍ လမ်းပန်းဆက်သွယ်ရေးများ လျင်မြန်ကောင်းမွန်လျက်ရှိသည်။ ထို့ပြင် အချိုပေါ်သကာလောင်းလိုက်သည်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းပင်ဖြစ်သည်။

*ရမည်းသင်းမြို့နယ်နှင့် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးတို့ကို ဆက်သွယ်မည့် ရွာတန်း-စီးခုံကျေးလက်ဖွံ့ဖြိုးရေးလမ်း **(အောက်ပုံ)**အား ဖောက်လုပ်ပေးခဲ့ခြင်းပင်ဖြစ်သည်။*

အဆိုပါ ကျေးလက်ချင်းဆက်လမ်းမှာ ရွာတန်း (ရွာမ)မှ ငွေးကုန်းရွာ၊ သပြေပင်ရွာ၊ မြင်းခြံရွာ၊ သစ်ဆုံရွာနှင့် စီးခုံရွာတို့ကိုဖြတ်ကျော်ဖောက်လုပ်ထားပြီး အဝေးပြေးအမြန်လမ်းမကြီးနှင့် တစ်ဆက်တစ်စပ်တည်း ပေါက်ရောက်သွားပြီဖြစ်သည်။

ယခုအခါ ကားများ၊ ဆိုင်ကယ်များ တဝီဝီမောင်းနှင်နေလျက်ရှိကာ သွားလမ်းသာ၍ လာလမ်းဖြောင့်လျက်ရှိသည်။ သပြေပင်ရွာမှ ဦးသိန်းမြင့် (၅၈)နှစ်က "ယခင်က ရမည်းသင်းမြို့ကိုလာရင် ငါးမိုင်ကွာ ရွာတန်းရွာသို့ ခြေကျင် ဒါမှမဟုတ် လှည်းနဲ့လာရပြီး ရွာတန်းကနေ ရမည်းသင်းမြို့ကို ကားစီးခဲ့ရတယ်။ ယခုကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးခဲ့သဖြင့် အချိန်တိုတိုအတွင်း သွားလို့ရပါတယ်" ဟု ပြောပြသည်။ စီးခုံရွာမှ ဦးလှမြင့် (၆၅)နှစ်က နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များသို့ ဘုရားဖူးသွားလိုလျှင် မိမိရွာမှပင်ကားစီး၍ သွားနိုင်ပြီဖြစ်ကြောင်း ဝမ်းပန်းတသာပြောပြသည်။

အစိုးရအဖွဲ့သစ်အနေဖြင့် လမ်းများ၊ တံတားများ ဖောက်လုပ်ဖွင့်လှစ်ပေးနေသလို ခရိုင်ချင်းဆက်လမ်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလမ်းများကိုလည်း ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး ဖောက်လုပ်ပေးခဲ့ပြီးဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၏ အကျိုးကျေးဇူးများကို ရမည်းသင်းမြို့နယ်တွင်းရှိ ကျေးရွာ ၇၂ ရွာမှ ပြည်သူများအပြင် ဝန်းကျင်ကျေးရွာနေတိုင်းရင်းသားပြည်သူများအားလုံး အကျိုးကျေးဇူး ခံစားနေရပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝများ တိုးတက်ဖွံ့ဖြိုးစည်ပင်လာခဲ့ပြီဖြစ်သည်။ လမ်းများ၊ တံတားများ၊ ရေရှည်တည်တံ့ ကောင်းမွန်ရေး၊ မပျက်စီးရေးတို့အတွက် ဒေသခံတောင်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။ ။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်

နေပြည်တော် မတ် ၁၅

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၂၆)ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ **၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာတို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းကြပြီး အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဆိုများနှင့်စပ်လျဉ်း၍ တင်ပြသည်။

ဥပဒေကြမ်းပါ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃(က)၊ အပိုဒ် ၄(က၊ ဃ)၊ မူလအပိုဒ် ၅ အောက်တွင် အပိုဒ် ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁ တို့ကို အသစ်ဖြည့်စွက်ရန်တို့နှင့် စပ်လျဉ်း၍ သူရဦးရွှေမန်း၏ ပြင်ဆင်ချက်အဆို အတိုင်းလည်းကောင်း၊ အပိုဒ် ၄(ခ)၊ မူလအပိုဒ် ၆ကို ပယ်ဖျက်ပြီး အပိုဒ် (၂)ခုကို အပိုဒ် ၁၂၊ ၁၃ အဖြစ် ဖြည့်စွက်ရန်တို့နှင့် စပ်လျဉ်း၍ ဦးစိုးသာ၏ ပြင်ဆင်ချက်အဆိုအတိုင်းလည်းကောင်း၊ အပိုဒ် ၃ (ခ၊ ဂ၊ ဃ၊ င)၊ အပိုဒ် ၄ (ဂ၊ င၊ စ)၊ အပိုဒ် ၅ တို့နှင့် စပ်လျဉ်း၍ မူလပြဋ္ဌာန်းချက်အတိုင်း လည်းကောင်း အတည်ပြုဆုံးဖြတ်ခဲ့ကြောင်းနှင့် ဥပဒေကြမ်း၏ အမည်၊ နိဒါန်းနှင့် အခန်းခေါင်းစဉ်များ၊ ဥပဒေကြမ်း၏ပူးတွဲဇယား ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ဥပဒေကြမ်း၏ နောက်ဆက်တွဲ ၁ ကဏ္ဍအလိုက် မူဝါဒနှင့် ရည်မှန်းချက်တို့ကို ဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ ၂ နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများအား တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ၊ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၊ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၊ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်နှင့် မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်းတို့က တင်သွင်းကြပြီး အဆိုများနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းတို့က တင်ပြကြသည်။

ဥပဒေကြမ်း၏နောက်ဆက်တွဲ ၂ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်နှင့် စပ်လျဉ်းသော ပြင်ဆင်ချက်အဆိုများဖြစ်သည့် နိုင်ငံတော်သမ္မတရုံး အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၏ လုပ်ငန်းပမာဏ (၃၁ ဒသမ ၃၆၅)ရာခိုင်နှုန်း လျှော့ချရန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့၏ လုပ်ငန်းပမာဏ (၁ ဒသမ ၇၇)ရာခိုင်နှုန်း လျှော့ချရန်၊ အားကစားဝန်ကြီးဌာန လမ်းလယ်ကျွန်းနှင့် မြေယာရှုခင်းပြုလုပ်ပေးခြင်းလုပ်ငန်း၏ လုပ်ငန်းပမာဏ (၂၀ ဒသမ ၂၆)ရာခိုင်နှုန်း လျှော့ချရန်၊ ဇမ္ဗူသီရိ Sport Complex တည်ဆောက်ခြင်းလုပ်ငန်း၏ လုပ်ငန်းပမာဏ (၂၀ ဒသမ ၉၃)ရာခိုင်နှုန်း လျှော့ချရန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနလုပ်ငန်းများ၏ လုပ်ငန်းပမာဏ (၂၈ ဒသမ ၇၄)ရာခိုင်နှုန်း လျှော့ချရန်၊ စက်မှုလယ်ယာဦးစီးဌာန လုပ်ငန်းများ၏ လုပ်ငန်းပမာဏ *စာမျက်နှာ ၈ ကော်လံ ၄* ❒

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံအတွင်း ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ်များ ခံစားခွင့်ပြု

နေပြည်တော် မတ် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၁၃၇၃ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက် (၂၀၁၂ ခုနှစ် မတ်လ ၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၀၁/၂၀၁၂)ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော မြို့နယ်နှင့် မြို့နယ်ခွဲ(၈၇)ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား လစဉ်အပိုထောက်ပံ့ကြေး ၃၀၀၀၀ ကျပ်အပြင် လက်ရှိ လစဉ် ထုတ်ယူရရှိနေသော လစာနှင့်ညီမျှသည့် ငွေကိုပါ ဒေသစရိတ်အဖြစ် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါမြို့နယ်နှင့် မြို့နယ်ခွဲ ၈၇ ခုမှာ ကချင်ပြည်နယ်တွင် အင်ဂျန်းယန်မြို့နယ်၊ ဆော့လော်မြို့နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ နောင်မွန်းမြို့နယ်၊ ရှင်ဗွေယန်မြို့နယ်ခွဲ၊ ပန်နန်းဒင်မြို့နယ်ခွဲ၊ ပူတာအိုမြို့နယ်၊ တနိုင်းမြို့နယ်၊ ချီဖွေမြို့နယ်၊ မချမ်းဘောမြို့နယ်၊ ဆင်ဘိုမြို့နယ်ခွဲ၊ ပန်ဝါမြို့နယ်ခွဲ၊ မြို့လှမြို့နယ်ခွဲ၊ ဒေ့ါဖုန်းယန်မြို့နယ်ခွဲ၊ ကယားပြည်နယ်တွင် ရှားတောမြို့နယ်၊ မယ်စဲ့မြို့နယ်၊ ဖားဆောင်းမြို့နယ်၊ ရွာသစ်မြို့နယ်ခွဲ၊ ဘော်လခဲမြို့နယ်၊ ကရင်ပြည်နယ်တွင် စုကလိမြို့နယ်ခွဲ၊ ဝေါလေမြိုင်မြို့နယ်ခွဲ၊ ဖာပွန်မြို့နယ်၊ သံတောင်ကြီးမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ရှမ်းရွာသစ်မြို့နယ်ခွဲ၊ ဘောဂလိမြို့နယ်ခွဲ၊ လိပ်သိုမြို့နယ်ခွဲ၊ ဘုရားသုံးဆူမြို့နယ်ခွဲ၊ ကျိုက်ဒုံမြို့နယ်ခွဲ၊ ချင်းပြည်နယ်တွင် တွန်းဇံမြို့နယ်၊ ထန်တလန်မြို့နယ်၊ မတူပီမြို့နယ်၊ ကျီခါးမြို့နယ်ခွဲ၊ ရေဇွာမြို့နယ်ခွဲ၊ ဖလမ်းမြို့နယ်၊ ဟားခါးမြို့နယ်၊ တီးတိန်မြို့နယ်၊ မင်းတပ်မြို့နယ်၊ ပလက်ဝမြို့နယ်၊ ကန်ပက်လက်မြို့နယ်၊ ရိခေါ်ရ်ဒါရ်မြို့နယ်ခွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ မိုပိုင်းလွတ်မြို့နယ်ခွဲ၊ ထန်ပါခွေမြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲ၊ ပန်ဆောင်မြို့နယ်ခွဲ၊ ပင်လယ်ဘူးမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ခန္တီးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျွန်းစုမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ၊ ရခိုင်ပြည်နယ်တွင် မာန်အောင်မြို့နယ်၊ တောင်ပြိုလက်ဝဲမြို့နယ်ခွဲ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုကိုးကျွန်းမြို့နယ်နှင့် ရှမ်းပြည်နယ်တွင် မက်မန်းမြို့နယ်၊ ပန်ဆန်းမြို့နယ်၊ နားဖန်းမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မိုင်းမောမြို့နယ်၊ မိုင်းပေါက်မြို့နယ်ခွဲ၊ မိုင်းခုတ်မြို့နယ်ခွဲ၊ မုံးထမြို့နယ်ခွဲ၊ မန်ကန်မြို့နယ်ခွဲ၊ မော်ထိုက်မြို့နယ်ခွဲ၊ လင်းခေးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလားမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ်၊ မဘိမ်းမြို့နယ်၊ မန်တုံမြို့နယ်၊ ကုန်းကြမ်းမြို့နယ်၊ ဟိုမိန်းမြို့နယ်ခွဲ၊ ကျိုင်းတောင်းမြို့နယ်ခွဲ၊ ပုံပါကျင်မြို့နယ်ခွဲ၊ မိုင်းယုမြို့နယ်ခွဲ၊ ပန်လုံ မြို့နယ်ခွဲ၊ ကျေးသီးမြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မုန်းကိုးမြို့နယ်ခွဲတို့ ဖြစ်ကြသည်။

(သတင်းစဉ်)

တိမ် အသင့်အတင့်
နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။